ညောင်တုန်းမြို့

မဟာဇောတိကာရာမကျောင်းတိုက်

နိုင်ငံတော်-ဩဝါဒါစရိယ ဘဒ္ဒန္တ ဝိသုဒ္ဓါစမ္မ မဟာထေရ်

အိမ်မဲကျောင်း-ဆရာတော်ဘုရားကြီး

၏

အဘိဓမ္မာ မျက်ဆန်ကျယ်

(ခေါ်)

# ဝိဘာဝနီ သဘောရှုနည်း နိဿယ ရည်းကျမ်း

(အုပ်ရေ-၃၀၀၀)

၁၃၂၇-ခု၊ တန်ခူးလ ၁၉၆၅-ခု၊

၅၂၁

၁၃၃

ညောင်တုန်းမြို့

မဟာဇောတိကာရာမအိမ်မဲကျောင်းတိုက်

နိုင်ငံတော်-ဩဝါဒါစရိယ

ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ

သုဓမ္မာ ကျောင်းထိုင် ဆရာတော်များ အဖွဲ့ချုပ်ကြီးနှင့်

ညောင်တုန်းမြို့နယ်လုံးဆိုင်ရာနဂါးနီရှင်သာမဏေစာမေးပွဲကြီး၏

ဩဝါဒါစရိယ မဟာနာယက

ဘဒ္ဒန္တ ဝိသုဒ္ဓမ္မ မဟာထေရ်

အသျှင်အိမ်မဲကျောင်းဆရာတော်ဘုရားကြီး၏

**အဘိဓမ္မာ့ဖျက်ဆန့်ကျယ်**

(ခေါ်)

# ဝိပဿနာရှုနည်းနိဿယရှည်းကျမ်း

သာသနာ ... ဦးစီးဌာန
စာ ... တိုက်
ကမ္ဘာအေး၊ ရန်ကုန်
(အမှတ်...)
မြန်မာ ... ကြားရေးဌာန
အမှတ်.........

●

၁၃၂၇-ခု၊ တန်ခူးလ ၁၉၆၅-ခု၊

# နိဒါန်း

●

အဘိဓမ္မာ့ မျက်ဆန်ကျယ်ခေါ် ဤဝိဿနာရှုနည်းနိဿရည်း၌ **နိဿ**ရည်းမှာ နိဿယဟူသော မာဂဓဘာသာမှ ဆင်းသက်၍ **ဖြစ်**ပေါ်လာသော နိဿယည်း။ ဝါ၊ (နိသျည်း) မဟုတ်၊ စင်စစ်သော်ကား။ (**ဒိဋ္ဌိနှင့်ဉာဏ်၊နှစ်တန်နိဿယည်း၊ ပွားပယ်နည်းကို၊ နိဿရည်း၊ရရ၊ ကြိုးလုံ့ထဖြင့်**)ဟု ခွဲထားစပ်ဆိုသော မဃဒေဝပျို့၌ ရေးနည်းမျိုးကဲ့သို့၊ ပေါရာဏ စကားအားဖြင့် နယဟူသော မာဂဓဘာသာစကားမှဆင်းသက်၍ဖြစ်ပေါ်သောနည်း၊ (ဝါ) နိဿရည်းပင် ဖြစ်သည့်အတိုင်း အာစရိယနယ-ဆရာတို့၏နည်း၊(ဝါ)ဆရာတို့၏နိဿရည်း၊ပေါရာဏစရိယနယ-ရှေးဆရာတို့၏နည်း၊(ဝါ)ရှေးဆရာတို့၏နိဿနည်း၊ ပုဗ္ဗာစရိယသီဟနယ-ရှေးဆရာမြတ်တို့၏နည်း၊ (ဝါ) ရှေးဆရာမြတ်တို့၏ နိဿနည်းဟုဆိုအပ်ရကား။

**ယေဓမ္မာ ဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော။**

**တေသဉ္စ ယောနိရောဓော၊**

**ဧဝံဝါဒီ မဟာသမဏော။** **(ဓမ္မပဒ)**

ယေဓမ္မာ၊ အကြင်ခန္ဓာ ငါးပါး ရုပ်, နာမ် တရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာလျှင် အမှန်ရှိကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏။ ဟေတုံစ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ တထာဂတော၊


ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ၊ ထိုဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏။ ယောနိရောဓော၊ အကြင်ချုပ်ရာဖြစ်သော နိရောဓသစ္စာ, ချုပ်ရာသို့ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကိုလည်း။ တထာဂတော၊ ငါတို့ဆရာမြတ်စွာ ဘုရားသည်။ အာဟ၊ဟောတော်မူ၏။ မဟာသမဏော၊ရဟန်းမြတ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ဤသို့ အယူရှိတော်မူပေ၏။

ဤလို ပဉ္စဝဂ္ဂီရဟန်းငါးပါးရှိသည့်အနက်-အငယ်ဆုံးဖြစ်သော အသျှင်အဿဇိမထေရ်မြတ်က ရှုပသာရီအမည်ရှိသော ပုဏ္ဏားမ၏ သား ဥပတိဿ၏လျှောက်ထားတောင်းပန်ချက်အရ ဟောတော်မူရာ၊ ထိုဥပတိဿသည် ဥဃဋိတညူ ပုဂ္ဂိုလ်ဖြစ်သောကြောင့် "ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော" ဟူသော ၂-ပါးနှင့်ပင် သစ္စာ ၄-ပါးစလုံးကို အကုန်သိမြင် လေသည်။

ဤဥပတိဿ၌ သစ္စာ ၄-ပါးတရားတို့ကို သိမြင်ခြင်းသည် အသျှင်အဿဇိမထေရ်မြတ်၏ ဆရာ့နည်း၊ (ဝါ) ဆရာ့နိဿရည်း ပင်တည်း။ ယခုအခါ ဤနည်း၊ (ဝါ) ဤ နိဿရည်းအတိုင်း သစ္စာ ၄-ပါးတရားတို့ကို သိမြင်နိုင်မည့်ပုဂ္ဂိုလ် ဤလူ့ပြည်မှာ မရှိ သလောက် ရှားပါးနေသော်လည်း၊ နေယျပုဂ္ဂိုလ် အနေအားဖြင့် ကား သမုတိသစ္စာကို ထွင်းဖောက်ပြီးနောက် သဘာဝသစ္စာကို ကျော်လွှားပြီးလျှင် အရိယာသစ္စာသို့ ဆက်ရောက်သွား၍ ဒုက္ခ သစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါးတရားတို့ကို သိမြင်လာစေနိုင်ရန် အဘယ်လိုနည်း၊ (ဝါ) အဘယ်လိုနိဿရည်းဖြင့် အမှန်အကန်သိမြင်ရအောင် ပြုလုပ်ရပါ မည်နည်းဟူသောအမေး၏အဖြေမှန်ကိုသာလိုနေသည်ဖြစ်ရကား-

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာ ယထာ။**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော။**
(ထေရဂါထာပါဠိတော်)

ယေ၊ အကြင်သူတို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ကို။ ပရတော၊ အတ္တမှအပ အနတ္တအားဖြင့်။ ပဿန္တိ၊ ရှုဆင်ခြင်နိုင်ကုန်၏။ အတ္တတော၊ အတ္တအားဖြင့်။ နောစပဿန္တိ၊ မရှုမဆင်ခြင်နိုင်ကုန်။ တေ၊ ထိုသူတို့သည်။ ဝါလဂ္ဂံ၊ သေးမျှင်လှငြား သားမြီးဖျားကလေးကို။ ဥသုနာ၊ မြှားဖြင့်။ ပဋိဝိဇ္ဈန္တိယထာ၊ ထိုးထွင်းခွဲလင့်မှန်အောင်ပစ်နိုင်ကုန်သကဲ့သို့။ သုခုမံ၊ သိမ်မွေ့လှစွာသော ပရမတ်အစု ဓာတ်အနုကို။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်းဘောက်ခွဲနိုင်သောသူတို့ မည်ပါပေကုန်၏ဟု ဟောတော်မူသော ဒေသနာနည်း နိဿရည်းအရ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ကို အနတ္တထင်မြင်လာအောင် ရှုဆင်ခြင်နိုင်ခြင်းသည် နေယျပုဂ္ဂိုလ် အနေအားဖြင့် သစ္စာ ၄-ပါးတရားတို့ကို သိမြင်လာနိုင်စေရန် အဖြေမှန်ပင် ဖြစ်သောကြောင့် ထိုအဖြေမှန်ကို သိရှိနိုင်ကြစေရန် ပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာစသော ကျမ်းဂန်တို့၌ ယုံကြည်သက်ဝင်သည့်အတိုင်း **အဘိဓမ္မာ့မျက်ဆန်ကျယ်**ခေါ် ဝိပဿနာရှုနည်း နိဿရည်းကျမ်းကို ညောင်တုန်းမြို့ မဟာဗောဓိကာရာမကျောင်းတိုက်အိမ်မဲကျောင်းဆရာတော်-အသျှင်မြတ်သည် ပြုစီရင်တော်မူအပ်လေသတည်း။




**အဘိဓမ္မာ့မျက်ဆန်ကျယ်**

ခေါ်

# ဝိပဿနာ့ရှုနည်းနိဿရည်းကျမ်း

●

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

**ကေပုပ္ဖံ ယဇိတွာန၊ သဟဿကပ္ပကောဋိယော။**
**ဒေဝေသုစ မနုဿေသု၊ သေသေန ပရိနိဗ္ဗုတော။**

(ထေရဂါထာ)

ကေပုပ္ဖံ၊ တပွင့်သောပန်းကို။ (ဝါ) ပန်းတပွင့်ကို။ ယဇိတွာန၊ ပူဇော်ရ၍။ (ဝါ) ပူဇော်ရသောကြောင့်။ သဟဿကပ္ပကောဋိယော၊ ကမ္ဘာကုဋေ အထောင်တို့ပတ်လုံး။ ဒေဝေသုစ၊ နတ်ပြည်တို့၌၎င်း။မနုဿေသုစ၊ လူ့ပြည်တို့၌၎င်း။ ဒေဝမနုဿသမ္ပတ္တိယော၊ နတ်စည်းစိမ်,လူစည်းစိမ်းတို့ကို။ အနုဘဝိတွာ၊ ခံစားစံစားပြီး၍။ သေသေန၊ ကံကြွင်းဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်ရ၏။

သီလာဒိဂုဏယုတ္တဿ ဟိ ကဋ္ဌဿုဘိက္ခုာပိ ပဌ္ဌရတန
မတ္တာယ ဘူမိယာ ပဏ္ဏသာလမ္ပိ ကတွာ ဒိန္နံ အနေကာနိ
ကပ္ပသဟဿာနိ ဒုဂ္ဂတိဝိနိပါတတော ရက္ခတိ၊ ပရိယော

သာဒ်နေ့စ အမတာယ ဓာတုယာ ပရိနိဗ္ဗာန ပစ္စယော
ဟောတိ။ (မူလပဏ္ဏာသအဋ္ဌကထာ။)

ဟိသစ္စံ၊ မှန်၏။ သီလာဒိဂုဏယုတ္တဿ၊ သီလအစရှိသောဂုဏ်တို့နှင့်ယှဉ်သော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူအပ်သော။ ကဋစ္ဆုဘိက္ခာပိ၊ တယောက်ချို(တဇွန်း)မျှလောက်သောဆွမ်းသည်ပင်း။ ပဉ္စရတနမတ္တာယ၊ ၅-တောင်မျှလောက်သော။ ဘူမိယာ၊ မြေပေါ်၌။ ပဏ္ဏာသာလံ၊ သစ်ရွက်မိုးသော(ခနိ)ကျောင်းကို။ ကတွာ၊ ဆောက်လုပ်၍။ ဒိန္နမ္ပိ၊ လှူအပ်သောအလှူသည်ပင်း။ အနေကာနိ၊ များစွာကုန်သော။ ကပ္ပသဟဿာနိ၊ ကမ္ဘာအထောင်တို့ပတ်လုံး။ ဒုဂ္ဂတိဝိနိပါတတော၊ ဒုဂ္ဂတိဘုံသို့ မကျရလေအောင်။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ ပရိယောသာနေ့စ၊ အဆုံး၌လည်း။ တံ၊ ထိုဒါနကုသိုလ်သည်။ အမတာယဓာတုယာ၊ အမတဓာတ်၏။ ပရိနိဗ္ဗာနပစ္စယော၊ ပရိနိဗ္ဗာန်ရောက်ခြင်း အကြောင်းသည်။ ဟောတိ၊ ဖြစ်နိုင်၏။

**သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံဝိနာ။**
**အာနိသံသ ပရိစ္ဆေဒံ၊ တဿသီလဿ ကောဝဒေ။**
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

သာသနေ၊ မြတ်စွာဘုရားသခင်၏ သာသနာတော်၌။ ကုလပုတ္တာနံ၊အမျိုးကောင်းသား-အမျိုးကောင်းသမီးတို့အား။ ယံယေနသီလေန၊ အကြင် ၅-ပါးသီလ, ၈-ပါး၁၀-ပါးသီလနှင့်။ ဝိနာ၊ ကင်း၍။ ပတိဋ္ဌာ၊ တည်ရာ, မှီရာ, ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။ တဿသီလဿ၊ ထိုသီလ၏။ အာနိသံသပရိစ္ဆေဒံ၊ အကျိုးအာနိသင်၏ အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ဝဒေယျ၊ ဆိုနိုင်ပါအံ့နည်း။ နဝဒေယျ၊ ဘယ်သူမှမဆိုနိုင်ရာ။

## ဒါန၏အကျိုး

ဤပါဠိ အဋ္ဌကထာတို့၏ အဓိပ္ပါယ်မှာ ပန်းကလေးတပွင့်ကို လှူကာမျှဖြင့် ကမ္ဘာကုဋေပေါင်း တသောင်းတို့ပတ်လုံး နတ်ပြည်-လူ့ပြည်တို့၌ နတ်စည်းစိမ်-လူ့စည်းစိမ်တို့ကို ခံစားစံစားပြီးနောက် ထိုကံကြွင်းဖြင့်ပင် ပရိနိဗ္ဗာန်စံလွန်ရ၏။ (ပန်းပွင့် အများအပြား ဆိုလျှင် ပြောဘွယ်ရာမရှိတော့ပြီ။)

သီလဝန္တ ပုဂ္ဂိုလ်အား ဆွမ်းတဇွန်း ( တယောက်ချို ) မျှကို လှူဒါန်းက ကမ္ဘာထောင်ပေါင်းများစွာ ဒုဂ္ဂတိဘုံသို့မကျရအောင် စောင့်ရှောက်နိုင်၏။ အဆုံး၌ ထိုဆွမ်းဒါနကုသိုလ်သည် အမတ ဓာတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်နိုင်၏။ (ဆွမ်းအဝဆိုလျှင် ပြော ဘွယ်ရာမရှိ သာ၍ပင် အကျိုးရှိပေလိမ့်မည်။)

၅-တောင်မျှလောက်သော မြေပေါ်၌ လေးစင်တိုင် သစ်ရွက် မိုးသော ဓနိသက်ကယ်ကျောင်းကလေးကို ဆောက်လုပ်၍ လှူဒါန်း က ကမ္ဘာ ထောင်ပေါင်းများစွာ ဒုဂ္ဂတိဘုံသို့ မကျရအောင် စောင့်ရှောက်နိုင်၏။အဆုံး၌ ထိုကျောင်းဒါနကုသိုလ်သည် အမတ ဓာတ်ဖြစ်ခြင်း၏အကြောင်းဖြစ်နိုင်၏။( ၄-ပင်, ၅-ပင်ကျောင်းကြီး ဆိုလျှင် ပြောဘွယ်ရာမရှိ သာ၍ပင် အကျိုးရှိပေလိမ့်မည်။)

သို့ရာတွင် ဤကမ္ဘာကုဋေပေါင်း တထောင်တို့ပတ်လုံး နတ်ပြည်-လူ့ပြည်တို့၌ နတ်စည်းစိမ်-လူ့စည်းစိမ်တို့ကို ခံစားရ-စံစား ရနိုင်တယ်ဆိုတော့ ထိုထို ဘဝများစွာတို့နှင့် ဇာတိ ဒုက္ခကလဲအနန္တ ဇရာဒုက္ခကလဲအနန္တ ဗျာဓိဒုက္ခကလဲအနန္တ မရဏ ဒုက္ခကလဲအနန္တ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသတို့က လဲအနန္တ အသင်္ချေယျတို့ပင် ဖြစ်ကြရပေလိမ့်မည်။ ၉၆-ပါး သော ရောဂါဝေဒနာအစရှိသည်တို့ကလဲ မပြောနဲ့တော့ ဒုနဲ့ဒေး ဘဲ ခံကြရပေလိမ့်မည်။

## သီလ၏အကျိုး

၅-ပါးသီလ ၈-ပါးသီလ ၁၀-ပါးသီလတို့၏ အကျိုးတို့ကလည်း အနာဂတ်ကမ္ဘာ၌ ကုဋေထောင်ပေါင်းများစွာ မနေကြတော့ဘဲအမတဓာတ်ဖြစ်ရမည်သာတည်း။ဤကားဝိဝဋ္ဋူပနိဿယကုသိုလ်၏အကျိုး ဝဋ္ဋူပနိဿယကုသိုလ်နှင့် အကုသိုလ်တို့၏ အကျိုးတို့မှာမူ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောကပရိဒေဝ, ဒုက္ခ ဒေါမနဿုပါယာသဒုက္ခ အနန္တအသင်္ချေယျတို့၏ အဆုံးတို့ကိုမူ မျှော်လို့မရကြသေး။

**ဘဝသြဃာ၊ စကြာရဟတ်၊ ၃-ပါးဝဋ်တွင်၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါကား၊ ကြမ္မာအလျောက်၊ အခါရောက်က၊ မြေအောက်းပုန်လျှိုး၊ချွန်းအားကိုးလည်း၊လွတ်ရိုးမထင်၊ရေတွင်စုတ်စုတ်၊ နက်ရာငုပ်လည်း၊ လွတ်ရပ်မမြင်၊ ကောင်းကင်ပျံတတ်၊ ငှက်နှယ်ပတ်လည်း၊ မလွတ်နှင်နှင်၊ သေမင်းငင်၍၊ အရှင်စတေ၊ မနေရရာ၊ ဓမ္မတာဖြင့်၊ ခန္ဓာပြိုကွဲ၊ ယွင်းဘောက်လွဲသည်၊ ။ကြဉ်ဘဲမရှောင်စသာတည်း။**

ဟုဆိုသည့်အတိုင်း ပြေးလို့လဲမလွတ် ပုန်းအောင်းနေလို့လဲ မလွတ်ကြရသဖြင့် ဤသံသရာဝဋ်ကြီးထဲမှကင်းလွတ်ထွက်မြောက်ကြရအောင် ဘယ်လို ပြုလုပ်ကြရပါမည်နည်းဟူမူ အဘိဓမ္မတ္ထသင်္ဂဟမည်သောကျမ်းက ဤသို့ဆို၏။

---

## ဘာဝနာ၏ အကျိုး

**ပဋိသန္ဓိယ ပဝတ္တမဒ္ဓုဝံ၊**
**အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။**
**သုသမုစ္ဆိန္န သိနေဟဗန္ဓနာ၊**
**သမမေဿန္တိ စိရာယ သုဗ္ဗတာ။ ။**

စိရာယစိရံကာလံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသော အကျင့်ရှိကုန်သော။ သုံသမုစ္ဆိန္န သိနေဟာဗန္ဓနာ၊ ကောင်းစွာ ဖြတ်အပ်ပြီးသော ချစ်ခြင်းနှောင်ဖွဲ့ခြင်းရှိကုန်သော။ ဗုဓာ၊ ပညာရှိတို့သည်။ အဒ္ဓုဝံ၊ မမြဲသောသဘောရှိသော။ တေ၊ ထိုဝဋ်တရားကို။ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သိ၍။ သမံ၊ ခပ်သိမ်းသောဝဋ်ဆင်းရဲတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်သို့။ ဃေန္တိ၊ ရောက်ကြရလိမ့်လတ့်။

အဓိပ္ပါယ်ကား ရှည်မြင့်စွာသောကာလပတ်လုံး ကောင်းသော အကျင့်ရှိကုန်သော ကောင်းစွာဖြတ်အပ်ပြီးသော ချစ်ခြင်းနှောင်ဖွဲ့ခြင်းရှိကုန်သော ပညာရှိတို့သည် မမြဲသော သဘောရှိသော ဝဋ်တရားကို (ဝါ) ရုပ်, နာမ်ဟု ဆိုအပ်သော ခန္ဓာ ၅-ပါးတို့ကို ရူပက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ၊ သညာက္ခန္ဓောအနိစ္စံ ဒုက္ခံ အနတ္တာ၊သင်္ခါရက္ခန္ဓောအနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝိညာဏက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာဟု ကြိမ်ဖန်များစွာ စီးဖြန်းနေလေတော့ ရွေ့လျော့ခြင်းမရှိသော နိဗ္ဗာန်ကို (ဝါ) မိမိရဟန္တာဖြစ်သောအခါ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်နာမ်ခန္ဓာတို့၏ နောက်ထပ် နောက်ထပ်မဖြစ်သော သဘောရှိသော မိမိဖြစ်မည့် အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်အစစ်နှင့် မခြားမနား (တထေဝ)တဲ့ အတုထင်မြင်လာသော နိစ္စ သုခ အနတ္တ ဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကိုထင်မြင်လိုက်ရ၍(ဝါ) ထင်မြင်လိုက်ရတော့ ခပ်သိမ်းသော ဝဋ်ဆင်းရဲဝဋ်ဒုက္ခတို့မှ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ဓာတ်သို့ ရောက်ကြရလိမ့်လတ့်။ ဤကား အကျဉ်းအဓိပ္ပါယ်၊ အကျယ်မှာ နောက်၌ပေါ်လွင်ပါလိမ့်မည်။

ဤ၌ အချို့ဆရာတို့က ဒါနသီလဟာ သံသရာရှည်တယ် ဘာဝနာမှ သံသရာတိုတယ်ဟု ဆိုကြသော်လည်း ဘာဝနာက ယခုဘဝ၌ တမဂ်တဖိုလ်ကိုရအောင် လုပ်နိုင်သော ဘာဝနာမှသာလျှင် ဒါနသီလကို သာနိုင်သည်။ ယခုဘဝ၌ တမဂ်တဖိုလ်ကိုရအောင် အားမထုတ်နိုင်က ဒါန,သီလလို ကမ္ဘာကုဋေ ထောင်ပေါင်းများစွာတို့၌ ဇာတိဒုက္ခအနန္တ ဇရာဒုက္ခအနန္တ ဗျာဓိဒုက္ခအနန္တ မရဏဒုက္ခအနန္တ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသဒုက္ခအနန္တ အသင်္ချေယျတို့ ဖြစ်ကြရတာပါဘဲ။

သို့သော်လည်း ပုဂ္ဂလပညတ် ပါဠိတော်၌ ဟောတော်မူအပ်သော ပုဂ္ဂိုလ်တို့က (၁) ဥဂ္ဃာဋိတညူပုဂ္ဂိုလ်။ (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်။ (၃) နေယျပုဂ္ဂိုလ်။ (၄) ပဒပရမပုဂ္ဂိုလ်အားဖြင့် ၄-မျိုးရှိရာ (၁) တရားကိုအကျဉ်းဟောကာမျှဖြင့် တမဂ်တဖိုလ်ကိုရက **ဥဂ္ဃာဋိတညူပုဂ္ဂိုလ်**ဟု ခေါ်သည်။ (၂) တရားကို အကျဉ်းဟောလို့မရ အကျယ်ဟောမှသာ တမဂ် တဖိုလ်ကိုရက **ဝိပဉ္စိတညူပုဂ္ဂိုလ်**ဟု ခေါ်သည်။ (၃) တရားကို အကျဉ်း, အကျယ် ဟောကာမျှဖြင့်မရ၊ ပါဠိ,အဋ္ဌကထာကို သင်ကြား၍ ကောင်းစွာ နှလုံးသွင်းသော်၎င်း,ကလျာဏမိတ္တပုဂ္ဂိုလ်အားဆည်းကပ်၍ တဖန်အလဲလဲ အားထုတ်သော်၎င်း၊ တမဂ်တဖိုလ်ကိုရက **နေယျပုဂ္ဂိုလ်**ဟု ခေါ်သည်။ (၄) တရားကို အကျဉ်းဟောလို့လဲမရ အကျယ်ဟောလို့လဲ ပါဠိ, အဋ္ဌကထာကို သင်ကြား၍ ကောင်းစွာနှလုံးသွင်းလို့လဲမရ၊ကလျာဏမိတ္တပုဂ္ဂိုလ်အား ဆည်းကပ်၍ အဖန်တလဲလဲ အားထုတ်လို့လဲမရက **ပဒပရမပုဂ္ဂိုလ်**ဟု ခေါ်သည်။ ထိုတွင်-

## ပဒပရမပုဂ္ဂိုလ်

ပဒပရမပုဂ္ဂိုလ်မှာ ဤဘဝ၌ တောမှာဖြစ်စေ မြို့ရွာမှာဖြစ်စေ နေ၍တရားကိုအားထုတ်ရာ တမဂ်တဖိုလ်ကိုမရသော်လည်း တောမှာသာနေ၍ မူတင်ကိုဆောင် ကမ္မဋ္ဌာန်းကိုအားထုတ်နေက နောင်အခါ မဂ်ဖိုလ်၏ဥပနိဿယဖြစ်နိုင်ရန် အကြောင်းလည်းရှိသည်။ တပည့်တပန်း ရဟန်းသာမဏေတို့မှာလည်း ဆရာ၏အတုကိုလိုက်၍ ကျင့်ရန်အကြောင်းလည်းရှိသည်။ ထိုကြောင့် ထိုပုဂ္ဂိုလ်မျိုးမှာ တကယ်တန်း တမဂ်တဖိုလ်ကို အလိုရှိက တောမှာသာ နေသင့်သည်ဟုပါရာဇိကကဏ်အဋ္ဌကထာမှာ ဆိုသည်။ သို့သော်သည်း ထို ပဒပရမပုဂ္ဂိုလ်မျိုးက မာနထောင်၍

---

## သံဝေဂပိုဒ်စုံ

(၁) **အရည်ကင်း**၊ မူတင်ရအောင်၊ ရွာကိုရှောင်၍၊ ၄-တောင်ဘွာမျှ၊ မစွမ်းလွတ်သား၊ ကိုင်းညွတ်ကွေ့ကွေ့၊ကုလလေးတာ၊ပြန် ၅-ရာလျှင်၊ သချာမှန်လှ၊ တကောသ၌၊ နေထကျိန်းအောင်း၊ သာသည်ကျောင်းလည်း၊ ညောင်စောင်းဆန့်ရုံ၊ တစုံသက်နိုး၊ ဖန်ရည်စွန်းသား၊ ခါးပန်း,သင်းပိုင်၊ ကရိုဏ်,ပဲခွပ်၊ သပိတ်,အပ်နှင့်၊ဘိနပ်, ထီးကုပ်၊ လက်ဆုပ်ကိုင်သွား၊ကရား-သားရေနယ်၊ပခုံးလွယ်လျက်၊ ၄၀-ကမ္မဋ္ဌာန်း၊ကသိုဏ်းဝန်းလည်း၊ စီးဖြန်းထစ်ထစ်၊ ထွာ ၄-သစ်နှင့်၊ မချစ်ဘော်ရွေ၊ ကိုယ်တည်းနေ၍၊ တပင်ထွက်သွား၊တပင်နားလျက်၊ ခေါင်းပါးအစာ၊ မျှရုံသာလျှင်၊ ပမာနှိုင်းတု၊ ကြက်ဥမလောက်၊ဒေါင်းဥအောက်ဖြင့်၊ချောက်ချောက်မများ၊လုပ်ရေစား၍၊ လေးငါးလုပ်လျော့၊ ဖြော့တော့ကိုယ်လက်၊ ပဏ္ဍဝေက်လည်း၊ နေ့ရက်အမြဲ၊ သုံးစွဲတိုင်းပင်၊ ရွတ်ဆင်ခြင်၍၊ သုတ်သင်အာပတ်၊ ပရိဝတ်နှင့်၊ မာနတ်,ဗ္ဗာန်သွင်း၊မကင်းစောင့်စည်း၊သီလဆည်း၍၊

ပလလည်းဆင်၊ကျင့်သောသွင်သို့၊ အောင်မြင်တံခွန်၊ သာမျိုးလွန်သည်။ ။**နိဗ္ဗာန်ရှာမြှိမျော်မည်ဘို့**။ ။

(၂) **မယှဉ်သဘင်**၊စိတ်ကိုသင်၍၊ တော၀င်ပီပီ၊ ညရှိန်နက်၊ ခတ်တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်၍၊ညောင်ဗောဓိပင်၊ စေတီပြင်ကို၊ သုတ်သင်လှည်းလျက်၊ ကျောင်းသို့တက်၍၊ ဓမ္မစကြာ၊ တရားသာလျှင်၊ မဟာသမယ၊ တရာ့ရှစ်သုတ်ပေါင်းချုပ်မကွာ၊ ရတနာရွှေချိုင့်၊ တံတိုင့်ပမာ၊ စောင်ရန်းကာလျက်၊ မေတ္တာပွါးပြီး၊ ဆွမ်းခံနိုး၍၊ ကြယ်ကြီးနက္ခတ်၊ အချိန်မှတ်၍၊ လွယ်သွတ်သပိတ်၊ ပရိတ်ရွတ်သွား၊ သင့်ရာနားမှ၊ ၃-ပါးအ၀န်း၊ခါးပန်းပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ဂ-သစ်ချ၍၊ ဖေါ်ထသင်းပိုင်၊ တပိုင်ရုံးရှုပ်၊ ဒူးကုဋ္ဌကိုယ်ထက်၊ ၄-သစ်တက်မှ၊ ၂-ဘက်အစွန်းအ၀န်းသတ်သတ်၊ အနားပတ်လည်း၊ မချွတ်တာရှည်၊ မြဲအောင်ချည်၍၊ လည်လက်ကောက်၀တ်၊ ဖုံးလွှမ်းပတ်ပြီး၊ အိတ်သွတ်ရေ့ကျင်း မကာင်းလက်၌၊ သပိတ်ပိုက်၍၊ ငိုက်စိုက်မျက်နှာ၊ ပြင်းစွာမသွား၊ ရထားထမ်းပိုး၊ မျှော်ရိုးတည့်တည့်၊ ၄-တောင်ကြည့်၍၊ မရှိအာရုံ၊ ရေလုပ်ငုံသို့၊ ခြေစုံရွှေတွင်၊ ရပ်သည်မြင်သော်၊ ပွတ်စင်ရောင်မောင်း၊ စလောင်းလက်စွဲ၊ လှူဆဲဆဲ၌၊ လက်ဝဲလှစ်ခွါ၊လကျ်ာညွတ်ခံ၊ ဝိနည်းကံနှင့်၊ တစံတည်းပင်၊ ယွင်းမထင်သည်။ ။**မငွင်ကူးတို့-လှော်မည်ဘို့**။

(၃) **အစဉ်တပြင်**၊ ဘုံသုံးခွင်မှာ၊ လွတ်ချင်သောထွေ၊ ကျင့်ဘူးလေ၏။ သက်သေသော်ကား၊ ရေသော်များ၏၊ မင်းသားတေမိ၊ဣသိ့ဇနက်၊ တောထွက်ကုန်ဘူး၊ကျေးဇူးများစွာ၊သုမေဓာနှင့်၊လောင်းလျာဇနက္က၊တေမိယတို့၊မြိုင်စတောခြေ၊ သစ်သီးဖွေ၍၊ ၄-ထွေပြဟ္မ၊ ဝိဟာရဟု၊ အပ္ပမညာ၊ ဘာ၀နာကြောင့်၊ အာကာမိုယ်းပြင်၊ ဈာန်ယာဉ်ငင်၍၊ ထက်ခွင်ပြဟ္မာ၊ ဖြစ်ဘူးစွာ၏၊ လှူရွှား

ခါကျော်၊ သစ္စာသော်က၊ နိုင်းလျော်ပုံယူ၊ ထိုတူတမျှ၊ နော်ကာလဝယ်၊ ဝါသနာစတော၊ ထုံပါစေဟု၊ တွက်ရေ ၃-ပါး၊ ၁၀-စုများတွင်၊ မြောက်ပွားယုတ်လတ်၊ အမြတ်စတိုး၊ သုံးဆယ့်ကိုးနှင့်၊ ကျင့်ရိုးအမှန်၊ မိဋ္ဌာန်ဝိကပ်၊ ဂ-ရပ်လုလ္လ၊ ကြောင့်ကြ ၁၀-ဖြာ၊ အရိယာဟုဝံသာ ၄-သွယ်၊ စင်ကြယ်သီလ၊ သန္တောသဟု၊ မမ္မကျင့်မှု၊ ၁၂-ခုကို၊ **သာဝနုတ်လူ-ခေါ်မည်**ဘို့ဟု၊ ပြည်မြို့-ဘုရင် သတိုးစောလက်ထက် ဝံတောင်လယ်တောရ ဆရာတော် အသျှင်သဒ္ဓမ္မဇောတဆို သံဝေဂ ပိုဒ်စုံအတိုင်း။

ကထံ ပါတိမောက္ခသံဝရသီလံ ဣန္ဒြိယသံဝရသီလံ အာဇီဝပါရိသုဒ္ဓိသီလံ ပစ္စယသန္နိဿိတသီလန္တေတိ စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိစေတိ ဒုဝိဓောပိ သမာဓိစိတ္တဝိသုဒ္ဓိနာမ လက္ခဏ, ရသ,ပစ္စုပ္ပဋ္ဌာန, ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ တေသမေဝစနာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ။

(အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ။)

ကထံဝေဒိတဗ္ဗော၊ အဘယ်သို့ သိအပ်ကုန်သနည်း ဟူမူကား။ ပါတိမောက္ခသံဝရသီလဥ္စ၊ပါတိမောက္ခသံဝရသီလလည်းကောင်း။ ဣန္ဒြိယသံဝရသီလဥ္စ၊ ဣန္ဒြိယသံဝရသီလလည်းကောင်း။ အာဇီဝပါရိသုဒ္ဓိသီလဥ္စ၊ အာဇီဝပါရိသုဒ္ဓိသီလလည်းကောင်း။ ပစ္စယသန္နိဿိတသီလဥ္စ၊ ပစ္စယသန္နိဿိတသံဝရသီလလည်းကောင်း။ ဣတိ၊ ဤသို့။စတုပါရိသုဒ္ဓိသီလံ၊၄-ပါးသော ပါရိသုဒ္ဓိသီလသည်။သီလဝိသုဒ္ဓိနာမ၊ သီလဝိသုဒ္ဓိမည်၏။ ဥပစာရသမာဓိစ၊ ဥပစာရသမာဓိလည်းကောင်း။ အပ္ပနာသမာဓိစ၊ အပ္ပနာသမာဓိလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓောပိ၊ နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။

သမာဓိ၊ သမာဓိနှင့်သည်။ စိတ္တဝိသုဒ္ဓိနာမ၊စိတ္တဝိသုဒ္ဓိမည်၏။လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနဝသေန၊လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့၏အစွမ်းဖြင့်။ နာမရူပပရိဂ္ဂဟော၊ နာမ်, ရုပ်ကို သိမ်းဆည်းခြင်း သည်။ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ စ၊ဆက်ရှဲဆိုဦးအံ့။ တေသမေဝ နာမရူပါနံ၊ ထိုနာမ်, ရုပ်တို့၏သာလျှင်။ ပစ္စယပရိဂ္ဂဟော၊ အကြောင်းကို သိမ်းဆည်းခြင်းသည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏—

ဟုမိန့်ဆိုသည်နှင့်အညီ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်မြောက်အောင်လုပ်ပြီးနောက်၊ ယခုဘဝ၌ သမ္မာသနညာဏ်ဖြင့် တမင်တဖိုလ်ကို မရဘဲမနေရ မုချရအောင် လုပ်ရမည်ဟု အလွန်အမင်းအားခဲ၍ ကြိုးစားပါသော်လည်း မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယညာဏ်ပေါက်အောင် မလုပ်နိုင်က နေယျပုဂ္ဂိုလ်မဖြစ်ဘဲ ပဒပရမပုဂ္ဂိုလ်သာဖြစ်နေရ၏၊ထိုကြောင့် ဤဘဝ၌ ဘယ်လိုပင် ကြိုးစားအားထုတ်ပါသော်လည်း တမင် တဖိုလ်ကို မရမည့်အတူတူ ဝဝဖြိုးဖြိုးနှင့် နိဗ္ဗာန်သို့ရောက်လိုလျှင် ငါတို့ထံလာ ဆင်းဆင်းရဲရဲနှင့် နိဗ္ဗာန်သို့ရောက်လိုလျှင် ရွှေကျင်ဆရာတော်-ဦးဇာဂရအထံသို့ သွားကြဟု အမိန့်ရှိတော်မူသော ဗန်းမော် ဆရာတော်ကြီး ဦးပဏ္ဍိ၏ စကားတော်ကို ထောက်ရှုရှဲရင်း။

အယံ ဟိ ပုဗ္ဗေ ပရဿ လာဘန္တရာယံ ကတွာ အပ္ပလာဘီ ဇာတော။ အနိစ္စံ, ဒုက္ခံ, အနတ္တာတိ ဝိပဿနာယ ယုတ္တဘာဝဿ ဗလေန အရိယမဂ္ဂလာဘီ ဇာတော။
(ကေနိပါတ်လောသကဇာတ်အဋ္ဌကထာ။)

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ အယံ၊ ဤလောသကတိဿသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ပရဿ၊ သူတပါး၏။ လာဘန္တရာယံ၊

လာဘ်၏အန္တရာယ်ကို။ ကတွာ၊ ပြုမိသောကြောင့်။ အပ္ပလာဘီ၊ နည်းသောလာဘ်ရှိသည်။ဇာတော၊ဖြစ်၏၊အနိစ္စံ, ဒုက္ခံ,အနတ္တာတိ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာဟူ၍။ ဝိပဿနာယ၊ ဝိပဿနာနှင့်။ ယုတ္တာဘာဝဿ၊ ယှဉ်သည်၏အဖြစ်၏။ ဗလေန၊ အစွမ်းကြောင့်။ အရိယမဂ္ဂလာဘီ၊ အရိယမဂ်ကိုရသည်။ ဇာတော၊ ဖြစ်၏ဟုမိန့်ဆိုသည်ကို ထောက်ရှု၍ရင်း။(ဤ၌ ကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ လောသကတိဿသည် အနိစ္စ,ဒုက္ခ,အနတ္တကို အပြင်းအပြအားထုတ်ခဲ့သော ပုဂ္ဂိုလ်မျိုး မဟုတ်သော်လည်း ငါတို့မြတ်စွာဘုရား လက်ထက်တော်အခါ၌ လာဘန္တရာယ် ဖြစ်ပြီးနောက် ကဿပမြတ်စွာဘုရား လက်ထက်တော် အခါက အပြင်းအပြအားထုတ်ခဲ့ကြသော ပဒပရမပုဂ္ဂိုလ်တို့နှင့်အတူတူ အရဟတ္တဖိုလ်တိုင်အောင် ရတော်မူသည်။) ဤအလုံးစုံကို ထောက် ရှုသောအားဖြင့် ယခုကာလ သူများနည်းတူ စားစားသောတ်သောက်-ဟောဟောပြောပြောဖြင့်ပင်။

---

## ခန္ဓာငါးပါးပုတီးစိတ်နည်း

ရူပက္ခန္ဓော အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။ ဝိညာဏက္ခန္ဓော အနိစ္စံ၊ ဒုက္ခံ၊အနတ္တာ။ဝေဒနာက္ခန္ဓောအနိစ္စံ၊ဒုက္ခံ၊အနတ္တာ။သညာက္ခန္ဓော အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။ သင်္ခါရက္ခန္ဓော အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာဟု ည-နံနက် ပုတီးစိတ်နိုင်လျှင် တော်ပြီ။ ( ဤ၌ ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာမည်၏။ စိတ်တခုယုတ် ၉၀-သည် ဝိညာဏက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏ဟု ရူပက္ခန္ဓော အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ အစရှိသည်ဖြင့် ပုတီးစိတ်သည့်အခါ စိတ်ထဲ၌ အာရုံပြု၍

စူးစိုက်နိုင်လျှင် သာ၍ကောင်း၏။ မဂ်ဖိုလ်၏ ပါရမီဥပနိဿယ ဖြစ်နိုင်သည်။ မစူးစိုက်နိုင်ပါက ပါရမီဥပနိဿယမဖြစ်နိုင်။ လူ့ရွာ နတ်ရပ်၌ ဖြစ်နိုင်သောကုသိုလ်သာ ဖြစ်နိုင်သည်။

ထိုပြင် သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ တို့မှာလည်း ယခုဘဝ၌ မဂ်ရဖိုလ်ရအောင် အားထုတ်လိုသော ပုဂ္ဂိုလ်မှာသာလိုသည်။ ပါရမီဥပနိဿယ ဖြစ်ရုံကတော့ ဘယ်ဝိသုဒ္ဓိမှ မဖြစ်သော်လည်း ကိစ္စမရှိ၊ ပါရမီဥပနိဿယ ဖြစ်ရင် ပြီးရောဘဲ၊ ထို့ကြောင့် မုဆိုး,တံငါဘဲဖြစ်ပါစေ၊ အရက်သမား,ဘိန်းသမားဘဲ ဖြစ်ပါစေ၊ သူခိုး,ဓားပြဘဲဖြစ်ပါစေ၊ လူ့ရဟန်းဒုသီလဘဲ ဖြစ်ပါစေ၊ ထိုပြင် ရဲသား, တပ်မတော်သား, သောင်းကျန်းသမား, တော်လှန်ရေး သမားဘဲဖြစ်ဖြစ် အထက်အဆိုပါ နည်းအတိုင်း အမြဲပုတီးစိတ်နိုင်က မဂ်ဖိုလ်၏ ပါရမီဥပနိဿယ ဖြစ်နိုင်သည် ဟူ၍မှတ်။

---

# ဥဂ္ဃာဋိတညူပုဂ္ဂိုလ်

**သဗ္ဗသော နာမ ရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာ စ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။**
(ဓမ္မပဒပါဠိတော်)

ယဿ၊ အကြင်သူအား။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ မမာယိတံ၊ငါ့,ငါဟုစွဲလမ်းခြင်းသည်။နတ္ထိ၊ မရှိ။ အသတာစ၊ ပျောက်ပျက်သော်လည်း။ နသောစတိ၊ မပူပန်မစိုးရိမ်။ သဝေ၊ ထိုသို့သဘောရှိသောသူကို။ ဝေ၊စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာဝတ္ထိပြည်၌ ဆွမ်းခံတော် မူရာတွင် **ပဉ္စဂ္ဂဒါယက** အမည်ရှိသော **ပုဏ္ဏား**က

အရှင်ဘုရား၏တပည့်များကို အဘယ်ကြောင့် ဘိက္ခုဟု ခေါ်ပါ သနည်းဟူသော ပုစ္ဆာကို အကြောင်းပြု၍ ဟောတော်မူသည်။ ဤ ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားလင်မယား နှစ်ယောက် စလုံးမှာပင် အနာဂါမိဖိုလ်သို့ ရောက်ကြကုန်သည်။

**ဥပနိဿယမှာ** ကဿပ မြတ်စွာဘုရားသခင်၏ လက်ထက် တော်အခါ၌ ထိုပုဏ္ဏားလင်မယားနှစ်ယောက်တို့သည် ကမ္မဋ္ဌာန်း ကို အပြင်းအပြ အားထုတ်ခဲ့ကြသည်မဟုတ်၊ တယောက်နှင့် တယောက် နာမ်တရားရုပ်တရားတို့ကို ပြောဟောလေ့ရှိကြသည်၊ ထိုကြောင့် ငါတို့မြတ်စွာဘုရားသည် နာမ်, ရုပ်နှင့်စပ်သော ဤ ဓမ္မဒေသနာတော်ကို ဟောတော်မူသည်၊ ဤပုဂ္ဂိုလ်တို့သည်ကား ပဒပရမပုဂ္ဂိုလ်အဖြစ်မှ ရုပ်,နာမ်တရားတို့ကို ဟောပြောလေ့ရှိခဲ့ကြ ၍ ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်လာခြင်းပင်တည်း။ ထိုပြင်

**သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။**

(ဓမ္မပဒပါဠိတော်။)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာ ၅ - ပါး ရုပ်နာမ် တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့မြင်သောအခါ၌။ ဒုက္ခေ၊ ဤခန္ဓာ ၅-ပါးရုပ်,နာမ်တရားကို ဆောင်ရခြင်းကြောင့်ဖြစ်သောဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ- ဧသော၊ ဤငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာစင်ကြယ်ခြင်း ၏။ မဂ္ဂေါ၊ အကြောင်းတည်း။ ဤဓမ္မဒေသနာတော်ကို မြတ်စွာ ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသောအခါ ၅-ရာသောရဟန်းတို့ကိုအကြောင်းပြု၍ ဟောတော်

မှုသည်။ဤဒေသနာတော်၏အဆုံး၌ ၅-ရာသောရဟန်းတို့မှာ အရဟတ္တဖိုလ်၌တည်ကြကုန်သည်။

**ဥပနိဿယမှာ** ဤရဟန်းတို့သည် အနှစ် ၂-သောင်းခေတ်၌ ပွင့်တော်မူသော ကဿပမြတ်စွာဘုရားသခင်၏လက်ထက်၌ အနိစ္စလက္ခဏာကိုချည်း အားထုတ်ခဲ့ကြဘူးသည်။ထိုကြောင့် ဤရဟန်းတို့သည် ငါတို့မြတ်စွာဘုရားသခင်၏ သာသနာတော်မှာ အနိစ္စလက္ခဏာမှ တပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ကြကုန်ပါသော်လည်း အရဟတ္တဖိုလ်သို့တိုင်အောင် မရောက်နိုင်ကြသဖြင့် ကမ္မဋ္ဌာန်းတို့ကို အထူးအားထုတ်၍ သင်ကြားကုန်အံ့ဟုကြံ၍ မြတ်စွာဘုရားသခင်၏အထံသို့လာခဲ့ကြရာ မြတ်စွာဘုရားသခင်က ထိုရဟန်းတို့၏ ဥပနိဿယနှင့်ပြည့်စုံသော သပ္ပါယဖြစ်သော အထက်အဆိုပါ ဂါထာကို ဟောတော်မူရလေသည်။ ဤပုဂ္ဂိုလ်တို့သည် ကား ပဒပရမပုဂ္ဂိုလ်အဖြစ်မှ အနိစ္စဟူသော ဝိပဿနာကိုချည်း အားထုတ်ခဲ့ကြ၍ ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဖြစ်လာကြခြင်းပင်တည်း။ ဒုက္ခဝတ္ထု၊ အနတ္တဝတ္ထုတို့၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ဤကား၊ ဘာဝနာကြောင့် ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဖြစ်ခြင်းတည်း။ ထို့ပြင်၊

**မုဉ္စပုရေ မုဉ္စပစ္ဆတော၊ မဇ္ဈေ ဘဝဿ ပါရဂူ၊**
**သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုန ဇာတိဇရံ ဥပေဟိသိ။**

(ဓမ္မပဒပါဠိတော်။)

ဥဂ္ဂသေန၊ ဥဂ္ဂသေန။ ပုရေ၊ အတိတ်ဖြစ်သောခန္ဓာ၌။ တဏှာ၊ တဏှာကို။မုဉ္စ၊ လွှတ်လော့။ပစ္ဆတော၊ နောက်ဖြစ်သောအနာဂတ်ခန္ဓာ၌။ တဏှာ၊ တဏှာကို။ မုဉ္စ၊ လွှတ်လော့။ မဇ္ဈေ၊ အလယ်ဖြစ်သောပစ္စုပ္ပန်ခန္ဓာ၌။ တဏှာ၊တဏှာကို။ မုဉ္စ၊ လွှတ်လော့။ ဧဝံသန္တေ၊

ဤသို့လွတ်သည်ရှိသော်။ ဘဝဿ၊ ဘဝသုံးပါး၏။ ပါရဂူ၊ ကမ်းတဖက်သို့ ရောက်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ ခန္ဓာ, ဓာတ်, အာယတနစသည်အပြားရှိသော အလုံးစုံသော သင်္ခတတရားဌ်။ ဝိမုတ္တမာနသော၊ တဏှာမှလွတ်သောစိတ်ရှိသည်ဖြစ်၍။ပုန၊တဖန်။ဇာတိဇ္ဇရံ၊ ပဋိသန္ဓေနေခြင်း,အိုခြင်းသို့။နဥပေဟိတိ၊ မကပ်။

ဤဓမ္မဒေသနာကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံတော်မူရာတွင် ဥဂ္ဂသေနအမည်ရှိသော သူဌေးသား ဂျွန်းသမားကို အကြောင်းပြု၍ ဟောတော်မူသည်။ ဂါထာ၏အဆုံး၌ ၈-သောင်း, ၄-ထောင်ကုန်သော လူအပေါင်းတို့မှာ ဓမ္မာဘိသမယချည်း ဖြစ်ကြကုန်၏။

အတောင် ၆၀-ရှိသောဝါးတိုင်ထိပ်၌ရပ်လျက်နေသော ဂျွန်းသမား ဥဂ္ဂသေနမှာမူ အရဟတ္တဖိုလ်သို့တိုင်အောင်ရောက်လေသည်။ ဤပုဂ္ဂိုလ်တို့မှာ သီလဝိသုဒ္ဓိစသည်တို့ကို အပြင်းအပြ အားမထုတ်ရဘဲ အာသယ်တကူနှင့်ပင် မဂ်,ဖိုလ်ကိုရကြသည်။

**ဥပနိဿယမှာ** ၈-သောင်း, ၄-ထောင်ကုန်သောလူအပေါင်းတို့၌ မထင်ရှား။ ဥဂ္ဂသေန၌မူ ကဿပမြတ်စွာဘုရားသခင်၏ သာသနာတော်တွင်းက ဆွမ်းခံကြွလာသော ရဟန္တာ တပါးအား ခဲဘွယ်ဘောဇဉ်တို့ဖြင့် သပိတ်ပြည့်အောင်ထည့်၍ လှူဒါန်းရာ၌ ဤသို့ဆုတောင်းခဲ့ဘူး၏၊ **ဘန္တေ တုမှေဟိ ဒိဋ္ဌဓမ္မဿေဝ ဘာဂိနော ဘဝေယျာမ။** ။ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မဿဝ၊ သိမြင်အပ်သောတရား၏သာလျှင်။ ဘာဂိနော၊ အဲဘိုတို့သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏ ဟုဆို၍ ဆုတောင်းခဲ့ဘူးသောကြောင့်ပင် ဖြစ်သည်။

ထိုကြောင့် ဓမ္မပဒအဋ္ဌကထာမှာ **ခီဏာသဝထေရဿ ဒိန္နပိဏ္ဍပါတံ နိဿာယ အရဟတ္တံ ပါပုဏိ၊** ။ခီဏာသဝထေ

ရသော၊ ရဟန္တာမထေရ်အား။ ဒိန္နပိဏ္ဍပါတံ၊ ပေးလှူခဲ့ဘူးသော ဆွမ်းကို။ နိဿာယ၊ အမှီပြု၍။ အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်ရ၏ဟု မိန့်ဆိုတော်မူသည်။ ထိုပြင်၊

**အစိရံ ဝတ ယံကာယော၊ ပထဝိံ အဓိသေဿတိ။**
**ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။**

(ဓမ္မပဒပါဠိတော်)

ဘိက္ခု၊ ရဟန်း။ တဝ၊ သင်၏။ အယံကာယော၊ ဤရုပကာယသည်။ အစိရံ၊ မကြာမြင့်မီ။ တဝ၊ စင်စစ်။ ဆုဒ္ဓေါ၊ အချည်းနှီး ဖြစ်၍။ အပေတဝိညာဏော၊ ကင်းသော ဝိညာဏ်ရှိသည် ဖြစ်၍။ နိရတ္ထံ၊ အသုံးမကျသော။ ကလိင်္ဂရံဣဝ၊ ထင်းတုံးကဲ့သို့။ ပထဝိံ၊ မြေကြီး၌။ အဓိသေဿတိ၊ အိပ်ရလတံ့ဟု ဟောတော်မူသော ဤ ဒေသနာတော်၏ အဆုံး၌ ပူတိဂတ္တတိဿမထေရ်သည် အရဟတ္တ ဖိုလ်သို့ ရောက်တော်မူ၏။

ဥပနိဿယမှာ ကဿပမြတ်စွာဘုရားခသင် လက်ထက်၌ ငှက်မုဆိုးဖြစ်ခဲ့ဘူးသောအခါက မိမိ၏အိမ်တံခါး၌ ဆွမ်းရပ်လာသော ရဟန္တာတပါးကို အလွန် ကြည်ညိုသည်ဖြစ်၍ မိမိ ပြုခဲ့ပြီးသော ပါဏာတိပါတ အမှုတို့ကိုလည်း အတော်ကြီး ကြောက်လန့်ပြီး နောက် မိမိ၏အိမ်အတွင်း၌ အရသာရှိသော ဘောဇဉ်ကို လှူဒါန်း ရန် စိတ်အကြံဖြစ်၍ မထေရ်၏သပိတ်ကိုယူပြီးလျှင် အရသာနှင့် ပြည့်စုံသော ဘောဇဉ်နှင့်တကွသော ဆွမ်းကို သပိတ်ပြည့်အောင် လှူဒါန်း၍ မထေရ်အား ၅-ပါးသော ထိခြင်းဖြင့်ထိ၍ ရှိခိုးပြီး လျှင် **ဘန္တေ တုမှေဟိ ဒိဋ္ဌဓမ္မဿ မတ္ထကံ ပါပုဏေယျံ ။ ။**

ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မဿ၊ သိမြင်အပ်သော တရား၏။ မတ္ထကံ၊ အပြီးအဆုံးသို့။ ပါပုဏေယျံ၊

ရောက်ရပါလို၏ဟု ဆုတောင်းခဲ့ဘူးသောကြောင့်ပင်ဖြစ်သည်။ ဤကား ဒါနကြောင့် ဥဂ္ဃာဋိတညူပုဂ္ဂိုလ်ဖြစ်ခြင်းတည်း။

ထိုကြောင့်မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်၏ အဆုံး၌ တမဂ်တဖိုလ်ကို ရကြသကဲ့သို့ ယခုလည်း ထိုမြတ်စွာဘုရား၏ တရားတော်ပင်ဖြစ်ရကား ငါဟောသောမြတ်စွာဘုရား၏ တရားတော်၏အဆုံး၌ တမဂ်တဖိုလ်ကိုရကြရမည်ဟု အချို့ဆရာတို့ ဟောကြသော်လည်း ယခင်ပုဂ္ဂိုလ်တို့ကဲ့သို့ ဥပနိဿယရှိမှသာ ရနိုင်မည်။ မရှိက မရနိုင်။ သူအချို့တို့ကလည်း ယခုကာလ ဓမ္မကထိက ပုဂ္ဂိုလ်တို့တွင် အပြောကောင်း - အဟော ကောင်းသော်လည်း လောဘ,ဒေါသ,မောဟကုန်အောင်မဟောနိုင်-မပြောနိုင်ဟုဆိုကြသော်လည်း ယခင်ပုဂ္ဂိုလ်တို့ကဲ့သို့ ဥပနိဿယရှိမှသာ လောဘ, ဒေါသ, မောဟ စသည်တို့ကို ကုန်အောင်ဟောနိုင်-ပြောနိုင်ကြရသည်။ ဥပနိဿယမရှိက တို့ဓမ္မကထိကကောင်းတို့ကို မဆိုထားဘိ မြတ်စွာဘုရားပင် ဥပနိဿယမရှိသော ဒေဝဒတ်ပုဏ္ဏား,သောဏဒဏ္ဍပုဏ္ဏား စသည်တို့ကို တရားတည်းဟူသောမိုဃ်း ရွာသွန်းချသော်လည်း တမဂ်တဖိုလ်ကို မရကြနိုင်။ ဥပနိဿယ ဝါသနာဘာဂီမျှ ဖြစ်ရသာဘတ်နိုင်တော်မူ၏။ ထိုကြောင့် သီလက္ခန်အဋ္ဌကထာမှာ ဤသို့ဆို၏။

> ကောဝလမဿ အာယတိံ နိဗ္ဗာနတ္ထာယ ဝါသနာ
> ဘာဂီယာ သဗ္ဗာပုရိမ ပစ္ဆိမကထာ။

သဗ္ဗာ၊ အလုံးစုံသော။ ပုရိမပစ္ဆိမကထာ၊ ရှေ့နောက်နှစ်ပါး ဟောကြားတော်မူသော မြတ်စွာဘုရားတရားတော်သည်။ အဿ၊ ထိုနာယူရသော သောဏဒဏ္ဍပုဏ္ဏားအား။ ~~ကေဝလံ၊ သက်သက်~~။ (ဝါ)ယခုအခါ၌တမဂ်တဖိုလ်ကိုမရသေးသော်လည်း။အာယတိံ၊ နောင်အခါ၌။ နိဗ္ဗာနတ္ထာယ၊နိဗ္ဗာန်အလို့ငှါ။ ဝါသနာဘာဂီယာ၊ဝါသနာဘာဂီထိုက်

ကမ္ဘာအေး၊ ရန်ကုန်

ဝါသနာအဘို့ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ ။ထိုစကားမှန်၏။ ထင်ရှားစေဦးအံ့။

## သီလရှင် မယ်ကင်းဆို

ဘိက္ခုနီဆရာကင်းက၊ တဏှာတွင်းပစ်ပယ်၊ ဗလာကျင်းခေတ်နယ်၊ ချစ်စဘွယ်ဟန်နွဲ့၊ဂုဏ်မွေ့လို့ လူတွေရှောင်တယ်၊ မြူရှော်တောင်အားသစ်လို့ခဲ။ ။ကမ္မဋ္ဌာန်းနှင့် မဂ်ငြိမ်းချူတယ်၊ ထက်လမ်းမူတန်၊မထိတ်သော် စိတ်တော်ရဲပါလို့၊ မိတ်ဖေါ်လဲမပါ၊ ဘာဝနာဘိညာဉ်ကုန်၊ တိမ်ယာဉ်ညွန့်စီးတော့မယ်ခါ။ ။ပုတီးနှင့်အပြီးပါတယ်၊ မငြိုးရာစျာန်ရိပ်နှင့်၊ ဖန်စိတ်တဲ့သီလသယ်၊ ထူးပေ့ဒွံ့ဘွယ်၊ တောခလို့ လောဘပယ်တယ်၊ မောဟဝယ်ရှိဘူးထင့်လေး။

## မုံရွာမြို့-လယ်တီဆရာတော်ဆို

ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုတ်သို့ရက်ဟုံ၊ နှမြောလို့အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း။ ။မှာလိုနှင့်သံသာဇွေမှာ၊ ခန္ဓာတွေများခဲ့စတောင်း။ ။အသက်မွေးမှု စခမ်းပိုအောင်၊ ဝမ်းကိုသာနင်ကျောင်း၊ ၄၀-ကျော်အရွယ်နှောင်းကာမှ၊ သူကြွယ်လောင်းလုပ်ချင်၊ မိုဃ်းကုန်ပြီထွန်မချချင်နှင့်၊ ရွှံ့စရာ့ဖြစ်အင်၊ နွားအိုကြီးအမော့သင်သလို၊ မလျှော့လျှင် ဘဝရှုံးရှာလိမ့်၊ အစတုံးနှင့်အထင် လွဲဘို့သာပြင်၊ တရားနှင့်မသက်ဝင်လျှင်၊ အခက်နင် ကြုံတွေ့ပေါ့လေး။

## အမည်မသိ ရှေးဆရာဆို

လောကဓံပြည်ဓလေ့ကို၊ သည်ကနေ့သိမ်းမယ်၊ ကြည်မမွေ့ ကိန်းနွယ်ကို၊ ငြိမ်းလွယ်အောင်ကြံပေါ့၊ သူတော်မြတ်ခန္တီဝါလို၊ စံမှီခါရှန်းဘို့အသော့၊ သခ်ါရဖြစ်ပျက်မှောင်ကို၊ နှစ်သက်ပေါင်တန်ပေါ့၊ သစ်နက်ရောင် ဖလ်ဝါပြော့ ရယ်နှင့်၊ ကန္တာကြော့ ရိပ်လယ်၊

ခင်လေးမောင်စေတနာထူးပါလို့၊ခေမာကူးကြုံလိုက်ပါတော့မယ်၊ သို့ဇက်လို့ ကိုယ်တွက်ရှယ်တယ်၊ဖိုလ်,မဂ်ကယ်ရည်စူးလို့၊ကြည်နူးတဲ့ ဘာဝနာ၊ပွားချင်တော့တာ၊ဝဋ်ကိန်းက လွတ်ငြိမ်းခွါတယ်၊ဒွတ္တိ သာ မြဲချင်ပေါ့လေး။

## အမည်မသိရှေးဆရာဆို

အနိစ္စ-စိတ်ကတဲ့ မထင်လို။

ဩ-ဒုက္ခမီးရယ်လို့၊ နှုတ်ကပင် ရောင်လို့ ငြီးသော်လဲ၊ ၎ူစည်းစိမ်ရတနာထွေထွေနှင့်၊ဘမရာ ဗွေဒါတွေတွေးပြန် တော့၊ အေးတော့မလို။

အနတ္တကိုတဲ့ ပါးစပ်ကဆိုသာ်ကို၊ ကိုယ့်ကိုယ်နှင့်ပါ တကား။

ထင်ချက်ကယ်ကွာ၊ တင်လက္ခဏာနှင့်၊ ယာဥ်စကြာ ဘယ်လိုသုံးသော်လဲ၊ ဝဋ်ဘောင် လွတ်အောင်ရှုန်းနိုင်ဘူး ကွယ်၊(အမယ်မင်း) မြူးမိတဲ့ငါး။

ထိုပြင် လောဘ, ဒေါသ, မောဟ, မာန, တဏှာ စသည်တို့ဖြင့် သီဆိုကြတဲ့ နိဗ္ဗိန္ဒ သံဝေဂ ဂီတသံ ကဗျာမျိုးတို့နှင့် ယခုကာလ ဘုရားဝတ်ပြုကြသော ဓမ္မာရုံ-ဆေးလိပ်ရုံ စသည်တို့၌ ဓမ္မစကြာ ခေါ် ဓမ္မစက္ကပဝတ္တနသုတ်, အနတ္တလက္ခဏာသုတ်, မဟာသမယ သုတ်, ပရိတ်ကြီးစသည်တို့ကို ဂီတသံဖြစ်အောင် အနိမ့်အမြင့် ကန့်ကရရွတ်ဆိုကြသောသူတို့နှင့် ကြားနာကြရကုန်သော သူတို့က နိဗ္ဗိန္ဒသံဝေဂဖြစ်နိုင်ကြက ပါရမီဥပနိဿယ မဖြစ်ဘူးမဆိုနိုင်။

ဤလိုအနုမတဂ္ဂသံသရာကြီးထဲ၌နိဗ္ဗိန္ဒသံဝေဂကမ္မဋ္ဌာန်းမျိုးတို့ တခါတလေမှ မဖြစ်ခဲ့ဘူးတဲ့ ပရိတ်သတ်မျိုးတို့ကို ငါဟောတဲ့

မြတ်စွာဘုရား၏ တရားအဆုံးမှာ တမဂ် တဖိုလ်ကို ရကြရမည် ဆိုသည်မှာ မဖြစ်နိုင်။ တရားအဟောကောင်း - အပြောကောင်း သော်လည်း လောဘ, ဒေါသ, မောဟ စသည် မကုန်ခမ်းနိုင်။ ရှေး ရှေးသောဘဝများစွာက အားထုတ်ခဲ့ဘူးသော ပါရမီဥပနိဿယ ရှိခဲ့ဘူးသူ ရှင်မင်းနန်ကိုကြည့်ပါလား၊ ဘယ်မဂ်,ဖိုလ်,နိဗ္ဗာန်ကိုမှ မလိုချင် နတ်သမီးကိုသာ သူလိုချင်နေသော်လည်း သူ့ပါရမီနှင့်သူ တိုက်ဆိုင်လာတော့ မြတ်စွာဘုရားက ရှင်မင်းနန်ကို ဘဒ္ဒကလျာဏီ နှင့် လက်ထပ်မည်လုပ်နေတုံး ဗျုံးဆိုမင်းနန်ကို သပိတ်ထမ်းခေါ် သွားပြီးနောက် ကျောင်းတော်သို့ရောက်ဘဲ့အခါ ရဟန်းပြုပြီးလျှင် နတ်ပြည်သို့ခေါ်သွားရာ နတ်သမီးကိုမြင်ရတော့ မြတ်စွာဘုရားက မင်းနန် နတ်သမီးကိုမလိုချင်ဘူးလားဟု မေးသောအခါ မင်းနန်က လိုချင်တယ်ဆိုတော့ မြတ်စွာဘုရားက လိုချင်လျှင် ငါပေးတဲ့ ဂါထာကို ရွတ်ဟုဆို၍ "ကေသာ၊ လောမာ၊ နခါ" အစရှိသော ၃၂-ကောဋ္ဌာသကို သင်ပေးတော်မူ၏။ ရှင်မင်းနန်သည် "ကေသာ၊ လောမာ" အစရှိသော ၃၂-ကောဋ္ဌာသကို အကြိမ်ပေါင်းများစွာ ရွတ်ဆိုသော်လည်း နတ်သမီးကိုမရသည့်အပြင် အချို့သောရဟန်းတို့ က ရှင်မင်းနန် နတ်သမီးကို မရသေးဘူးလားဟု မေးကြ သည်မှာ လည်း မေးခွန်းတွေထပ်နေရကား စိတ်ညစ်ပြီး ငိုရမတတ် ဖြစ်ရ လေ၏။ (ဤဒွိ ဇာတ်ဆရာ မောင်ဘိုးစိန်ကတော့ မင်းနန် ချွတ် ခဏ်း) သဏ္ဌာန်လုပ် သရုပ်ဘောင်ပြရာ က,ဇာတ်ဌမှူ ငိုချင်းမှာ ဤသို့ဆို၏။

## မင်းနန်ငိုချင်း

နတ်သမီးကိုမျှော် - တပတ်ပုတီး အာရုံဖေါ်၍၊ ကာမဂုဏ်နှော် ချွတ်မယိမ်းစရာမို့၊ ဒွိတ္တိသာကမ္မဋ္ဌာနရယ်နှင့်၊ လာကြရန် ဥုံခံ၍

သရဇ္ဈာယ်လိုက်ရပါတော့၊ ဘုံဂျုံလယ်ကျောင်း။ ။တောက်မြူးလို့ စံပယ်-သောက်ရှူးကြယ် ဂုဏ်ရည်ကြွသလို..၊ ပုဏ္ဏမီလကို ပကာ သိန်ယူတဲ့၊ တာဝတိံ သူ-ဖူးပြာ (အမူအရာ) ယမင်းတို့ရဲ့၊ အချစ် တဏှာမေတ္တာသွင်းလို့ရယ်၊ (အမယ်လေး) ဆင်းသက်ဘုံကောင်း။

ထိုနောက်အချို့သောရဟန်းတို့က "မင်းနန် နတ်သမီးကိုမရသေး ဘူးလား"ဟုမေးမြဲအတိုင်းမေးကြပြန်တော့ မင်းနန်က ငါနတ်သမီး ကိုမလိုချင်တော့ဘူးဟု ပြောလေ၏။ပြောတော့မှာပေါ့"လောဘ၊ လောမှာ"အစရှိသည်တို့ကို အထပ်ထပ်ဆိုရတော့ ဆံပင်၊ မွေးညှင်း အစရှိသော ၃၂-ကောဋ္ဌာသဟူသော သမုတိသစ္စာကို ခုန်ကျော် လွန်မြောက်ပြီးနောက် ပထဝီဓာတ်-၂၀၊ အာပေါဓာတ် ၁၂-ပါး၊ ဝါယောဓာတ် ၆-ပါး၊ တေဇောဓာတ် ၄-ပါးဟူသော ပရမတ္ထ သစ္စာကို ထင်မြင်လာပြီးလျှင် ထိုပရမတ္ထတို့၌ ဥပါဒ်၊ ဌီ၊ ဘင် ၃-ပါး ရှိသည့်အနက် ဥပါဒ်နှင့် ဘင်ဟူသော အရိယသစ္စာ ဥဒယဗ္ဗယ ဉာဏ် ပေါက်ပြီးနောက် ဘင်္ဂဉာဏ် ဘယဉာဏ် အစရှိသော ၁၀-ပါးသောဉာဏ်ထင်မြင်ပြီးလျှင် မိမိရဟန္တာ ဖြစ်သောအခါ၊ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်၊ နာမ်ခန္ဓာတို့၏ နောက်ထပ် နောက်ထပ်မဖြစ်သောသဘောရှိသောမိမိဖြစ်မည့် အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်အစစ်နှင့် မခြားမနား(တထေဝ)တည်း အ[illegible] လာသော နိစ္စ၊ သုခ၊ အနတ္တဖြစ်သော အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်ကို ထင်မြင်လိုက်ရလေသောကြောင့် သောတာပတ္တိမဂ်ဖိုလ်၊ သကဒါ ဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် ဖြစ်သည်နှင့် တပြိုင်နက် လောဘ၊ ဒေါသ၊ မောဟအစရှိသော အကုသိုလ်တို့ကို အကြွင်းမရှိ ပယ်လိုက်ရလေ၏။

ထိုကြောင့် မင်းနန်က ငါနတ်သမီးကိုမလိုချင်တော့ပြီဟု ဆိုနိုင် လေသည်။ ဤလို ရှေးရှေးသော ဘဝများစွာက ဆည်းပူးခဲ့သော

ပါရမီဥပနိဿယပါမှ တရားကိုနာရသည်ဖြစ်စေ၊ ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့ရသည်ဖြစ်စေ တမဂ်တဖိုလ်ကို ရနိုင်သည်၊ သို့မဟုတ်က မရနိုင်။ ထိုပြင် တရားဟောကောင်းသည်ဖြစ်စေ၊ ဝိပဿနာအပြ ကောင်း သည် ဖြစ် စေ တမဂ်တဖိုလ်ကို မရနိုင်ကြသော ပုဂ္ဂိုလ် များမှာ၊

(၁) ဗျာဒိတ်ရရှိကြပြီးသော သမ္မာသမ္ဗုဒ္ဓ အလောင်းတော် ကြီးတွေ။ (၂) ပစ္စေကဗုဒ္ဓါ အလောင်းတော်ကြီးတွေ။ (၃) တေဒဂ်ရရှိပြီးသော သာဝက အလောင်းတော်ကြီးတွေ။ (၄) ဟောပြောသောတရား ပြသကြသော ဝိပဿနာနှင့် မူလပါရမီ ဓာတ်ခံ မညီမကိုက်ကြသော ပုဂ္ဂိုလ်ကြီး တို့ လည်း ယခုခေတ် ယခုအခါမှာ မဂ်ဖိုလ်ကို မရနိုင်ကြသော ပုဂ္ဂိုလ်တို့နှင့် အနည်း အများချိန်ကြည့်ပါလျှင် ထိုအလောင်းတော်ကြီးများမှာ အနည်း ငယ်မျှလောက်တော့ရှိကြပါလိမ့်မည်၊ မရှိဘူးမဟုတ်ပါ။

ထို့ကြောင့် ယခုအခါ သူရောင်ါတို့သည် ၄-သင်္ချေနှင့်ကမ္ဘာ တသိန်း ၈-သင်္ချေနှင့်ကမ္ဘာတသိန်း ၁၆-သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်ရသော သမ္မာသမ္ဗုဒ္ဓတို့၏ ပါရမီ၊ ၂-သင်္ချေနှင့် ကမ္ဘာ တသိန်းဖြည့်ကျင့်ရသော ပစ္စေကဗုဒ္ဓါတို့၏ ပါရမီ၊ တသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်ရသော အဂ္ဂသာဝကတို့၏ပါရမီ၊ ကမ္ဘာ တသိန်း ဖြည့်ကျင့်ရသော မဟာသာဝကတို့၏ ပါရမီ၊ဘဝအား ဖြင့်သော်ရင်း ကမ္ဘာအားဖြင့် သော်ရင်း မရေမတွက်နိုင်သော ပကတိ သာဝကတို့၏ ပါရမီ တပြန်ကို အပထား၍ ထိုပါရမီ တို့၏ ရှေးရှေး၊ ရှေးရှေး ၂-ပြန် ၃-ပြန် အပြန်အရာ အပြန် အထောင်မျှမကသော မရေမတွက်နိုင်သော ကပ်ကမ္ဘာတို့က သမ္မာသမ္ဗုဒ္ဓလည်း မဖြစ်ခဲ့ကြ၊ ပစ္စေကဗုဒ္ဓလည်း မဖြစ်ခဲ့ကြ၊ အဂ္ဂ သာဝကလည်း မဖြစ်ခဲ့ကြ၊ မဟာသာဝကလည်း မဖြစ်ခဲ့ကြ၊ ပက

တိသာဝကလည်း မဖြစ်ခဲ့ကြရသည်မှာ အခြားကြောင့် မဟုတ်၊ ဂင်္ဂါဝါလုသဲစုမကသော ရှေးရှေး၊ ရှေးရှေးသောဘုရားရှင်တို့၏ လက်ထက်တော်အခါ ၌မဂ်အခြေ ဖိုလ်အခြေဖြစ်တိုက်သော ပါရမီ ဥပနိဿယ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရန်ကိုမဆိုထားဘိ ထို ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်နိုင်စေရန် ဝါသနာဘာဂီ ပါရမီ ခေတ်ခံမျိုးစေ့ပင်မရှိကြသောကြောင့်ဖြစ်သည့်အပြင် ထိုထိုဘုရား ရှင်တို့ကို တဘက်က ဆောင်တိုက်ပြီးနေကြတဲ့ မိစ္ဆာတွေချည်း အဆက်ဆက် ဖြစ်နေကြသလားမှ မသိ၊ မိစ္ဆာတွေကို အားပေး အားမြှောက်ပြုလုပ်နေကြသလားမှမသိပေ။

ထိုကြောင့်ယခုအခါမဂ်,ဖိုလ်,နိဗ္ဗာန်ကို အာရုံစူးစိုက်၍မြတ်စွာ ဘုရားအား ည-နံနက် ရေကပ် ပန်းကပ် မီးထွန်း ဘုရားရှိခိုး ဆွမ်းတော်ကပ်၊ယခင်ပြဆိုခဲ့သည့်အတိုင်း အမြဲပုတီးစိတ်၊ တိစီဝရိ ကမ္မတင် ပိဏ္ဍပါတိကမ္မတင် ကောသနိကမ္မတင် ပတ္တပိဏ္ဍိကမ္မတင် ရုက္ခမူမတင် အဗ္ဗောကာသိကမ္မတင် အစရှိသော မိမိတို့ရရှိနိုင်သော မ္မတင်တို့ကို ဆောက်တည်ကြ၊ တံမြက်လှည်းခြင်း ကန့်တန်ဆေး ခြင်းစသော သေနာသနဝတ်တို့ကို မပျက်မကွက်ရအောင် တတ် အားသရွေ့ပြုကြ။ ယခုလို ဗုဒ္ဓသာသနာတော်ကြီးနှင့် လက်ငင်း တွေ့ကြုံနေရတဲ့ ဘဝမှာမှ မလုပ်လျှင် ဘယ်ဘဝကျမှ လုပ်တော့ မလဲဟု ပထမရွှေကျင်ဆရာတော်ကြီး ဦးဇာဂရ ဆုံးမစကားပြော ကြားတော်မူလေ့ရှိတော်မူ၏။ မြတ်စွာဘုရားကလည်း ဟောကြား ဆုံးမတော်မူသည်မှာ ဤသို့ရှိ၏။

**မာဝေါ ခဏံ ဝိရာဓေထ၊**

**ခဏာတီတာဟိ သောစရေ။**

**သဒ္ဓမ္မေ ဝါယမေယျာထ၊**
**ခဏော ဝေါ ပဋိပါဒိတော။ ။**

(အပါဒါန်ပါဠိတော်)

ဘဝန္တော သပ္ပုရိသာ၊ အိုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်းအပေါင်းတို့သည်။ ခဏံ၊ ထူးမြတ်လှန်ကဲယခုရဆဲဖြစ်သော ဗုဒ္ဓုပ္ပါဒနဝမခဏ ကောင်းကြီးကို။ မာဝိရာဓေထ၊ ချော်ချွတ်တိမ်းရှောင်၍မသွားကြကုန်လင့်။ ဟိ၊ အဘယ်ကြောင့်နည်းဟူမူ။ ခဏာတီတာ၊ ခဏကောင်းလွန်ဆုံး၍ သွားသောသူတို့သည်။ သောစရေ၊ နောင်တတဖန် ပူပန်စိုးရိမ်ကြရကုန်၏။ ဝေါ၊ သင်သူတော်ကောင်း အပေါင်းတို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကောင်းကြီးသည်။ ပဋိပါဒိတော၊ ရှေးရှုမျက်မှောက် ဆိုက်ရောက်၍နေလေပြီ။ သဒ္ဓမ္မေ၊ မိမိတို့ပြုလုပ်ဘို့ရာ ဒါန, သီလ, ဘာဝနာတို့ကို။ ဝါယမေယျာထ၊ ခဏမကောရအောင် စောစောကပင် ကြိုးစား၍ အားထုတ်လိုက်ကြပါကုန်လော့။

## ဝိပဉ္စိတညူပုဂ္ဂိုလ်

ဓမ္မစကြာပဝတ္တနသုတ်ကို ဟောကြားတော်မူသည်၏ အဆုံးဖြစ်သော သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့၌ အသျှင်ကောဏ္ဍည သောတာပန် တည်သည်။ တသောင်းသော စကြဝဠာတိုက်မှ တရားနာ လာရောက်ကြကုန်သော တဆယ့်ရှစ် ကုဋေကုန်သော နတ်, ဗြဟ္မာအပေါင်းတို့လည်း သောတာပန် တည်ကြကုန်သည်။ ထိုလပြည့်ကျော်တရက်နေ့ ဝပ္ပ။ ၂-ရက်နေ့ ဘဒ္ဒိယ။ ၃-ရက်နေ့ မဟာနာမ်။ ၄-ရက်နေ့အဿဇိတို့သောတာပန်တည်ကြကုန်သည်။ ထိုနောက် ဝါဆိုလဆုတ် ၅-ရက်နေ့၌ အနတ္တလက္ခဏာသုတ်ကို အကျယ်ဟောတော်မူပြန်ရာ ၅-ပါးစလုံး ရဟန္တာချည်းဖြစ်ကြ၏။

ဤပုဂ္ဂိုလ်တို့သည်ကား ပဒပရမပုဂ္ဂိုလ်အဖြစ်မှ ဒါန,သီလ တို့ကို ပြုခဲ့ကြကုန်၍ရင်း အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော ဝိပဿနာကို အားထုတ်ခဲ့ကြကုန်၍ရင်း၊ဝိပဉ္စိတညူပုဂ္ဂိုလ် ဖြစ်လာကြခြင်းပင်တည်း။

မြတ်စွာဘုရားသခင်သည် သုံးဆယ်သော ဘဒ္ဒဝဂ္ဂိယမင်းသားတို့အား အနုပုဗ္ဗိကထာကို ဟောတော်မူ၏။ အနုပုဗ္ဗိကထာမှာ ရှေးဦးစွာ ဒါနကထာ၊ ထိုနောက် သီလကထာ၊ ထိုနောက် ဒါန, သီလကို ပြုကျင့်အားထုတ်သောသူတို့ ခံစားရာ နတ်ရွာစည်းစိမ်ဖြင့် သတ္တဝါတို့အား ဖြားယောင်းပင့်မြှောက်ခြင်းဟူသော သဂ္ဂကထာ၊ ထိုနောက် ဤမျှလောက် ကြီးကျယ်ခမ်းနားစွာသော စည်းစိမ်ချမ်းသာသည်ကား ဝဋ်သုံးပါး၌ အကျုံးဝင်သည်ဖြစ်၍ စင်စစ်ချစ်အပ်သာယာအပ်သော သဘောမရှိ အာဒိနဝအပြစ်နှင့်ဘက္ကဖြစ်သည်ဟု ကိုယ်တော်မြတ်၏အလိုသို့ပါအောင် ဟောခြင်းဟူသော ကာမာနံအာဒိနဝကထာ၊ ထိုနောက် အပြစ်တို့နှင့်တကွဖြစ်သော ကာမဂုဏ်ကိုစွန့်၍ တောတွက်ခြင်း၌ အကျိုးကို ပြခြင်းဟူသော နေက္ခမ္မအာနိသံသကထာများ ဖြစ်သတည်း။

ဤဒေသနာတော်၏ အဆုံး၌ အချို့ကား သောတာပန်၊ အချို့ကား သကဒါဂါမိ၊ အချို့ကား အနာဂါမိ ဖြစ်ကြကုန်သည်၊ ဥပနိဿယမှာ တုဏ္ဍိလဇာတ်၌ သုံးဆယ်သော သေသောက်ကျူးဖြစ်သောအခါ၌ တုဏ္ဍိလမည်သော ဝက်မင်း၏ အဆုံးအမကို နားထောင်ကြ၍ အနှစ် ၆-သောင်းကာလပတ်လုံး ၅-ပါးသီလကို စောင့်ရှောက်ခဲ့ကြဘူးသောကြောင့်ပင်ဖြစ်သည်။

ထိုကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာမှာ၊

တေ ကိရ တုဏ္ဍိလဇာတကေ တိံသ ဓုတ္တာ အဟေသုံ၊
အထ တုဏ္ဍိလောဝါဒံ သုတွာ ပဉ္စသီလာနိ ရက္ခိံသု။
ဣဒံ နေသံ ပုဗ္ဗကမ္မံ။

တော၊ ထိုဘဂ္ဂဝဂ္ဂိယ မင်းသား သုံးဆယ်တို့သည်။ တုဏ္ဍိလ ဇာတကေ၊ တုဏ္ဍိလဝက်မင်းဇာတ်၌။ တိံသမတ္တာ၊ သုံးဆယ်သော သေသောက်ကျူးတို့သည်။ အဟေသုံကိရ၊ ဖြစ်ခဲ့ဘူးကုန်သတတ်။ အထတသ္မိံကာလေ၊ထိုအခါ၌။ တုဏ္ဍိလောဝါဒံ၊တုဏ္ဍိလဝက်မင်း ၏ အဆုံးအမကို။ သုတွာ၊ ကြားနာရ၍။ ပဉ္စသီလာနိ၊ ၅-ပါး သီလတို့ကို။ရက္ခိံသု၊စောင့်ရှောက်ကြကုန်၏။ ဣဒံ၊ ဤသည်ကား။ နေသံ၊ ထိုဘဒ္ဒဝဂ္ဂိတို့၏။ ပုဗ္ဗကမ္မံ၊ ရှေးကောင်းမှုတည်းဟု မိန့်ဆို တော်မူ၏။

တဖန် အနမတဂ္ဂမ္မေဒေသနာတော်ကို ဟောတော်မူပြန်ရာ၊ ဒေသနာတော်၏အဆုံး၌ ရဟန္တာချည်းဖြစ်ကြကုန်၏။ ဥပနိဿယ မှာ တုဏ္ဍိလဇာတ်၌ အနှစ် ၆-သောင်းကာလပတ်လုံး ၅-ပါး သီလကို စောင့် ရှောက် ခဲ့ ကြ ဘူး သော ကြောင့် ပင် ဖြစ် သည်။ ထိုကြောင့်ပင် ဓမ္မပဒအဋ္ဌကထာမှာ၊

တေနေဝ ဥပနိဿယေန ဇတရဟိ နိသိန္နာသနေယေဝ
အရဟတ္တံ ပတ္တာ။

တေနေဝ ဥပနိဿယေန၊ ထိုအနှစ် ၆-သောင်းကာလပတ်လုံး ၅-ပါးသီလကို စောင့် ရှောက် ခဲ့ ကြ ဘူး သော ကြောင့်သာလျှင်။ တရဟိ၊ ယခုအခါ၌။ နိသိန္နာသနေယေဝ၊ နေသောနေရာ၌သာ လျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တာ၊ ရောက်ကြကုန်၏ဟု မိန့်တော်မူ၏။ ဤကား သီလကြောင့် ဝိပဉ္စိတညူပုဂ္ဂိုလ် ဖြစ်လာ ကြခြင်းပင်တည်း။

ဤ၌ ဝိပဉ္စိတညူနှင့် ဥဂ္ဃာဋိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်တို့၏ ဥပနိဿယကုသိုလ်မှ ရှေ့ဖြစ်သော ကမ္ဘာပေါင်းတထောင်၊ သို့ မဟုတ် ကမ္ဘာထောင်ပေါင်းများစွာသော ကာလတို့က ပြုခဲ့ဘူး သော အရင်းခံကုသိုလ်၊ (ဝါ) အထုံဝါသနာဘာဂီကုသိုလ်မဖြစ်

ခဲ့ဘူးက ထိုပုဂ္ဂိုလ်တို့၏ ဥပနိဿယကုသိုလ်လည်း မဖြစ်နိုင်ရကား၊ ယခင် ပြဆိုခဲ့ပြီးသော ပါဠိအဋ္ဌကထာတို့နှင့်အညီ ကမ္ဘာပေါင်း တထောင်၊ သို့မဟုတ် ကမ္ဘာထောင်ပေါင်းများစွာသော ကာလ တို့က ပြုခဲ့ပြီးသော ကုသိုလ်သည်လည်း မဂ်,ဖိုလ်၏ ဥပနိဿယ ကုသိုလ်ဟူ၍ပင် ဆိုအပ်၏။

---

## နေယျပုဂ္ဂိုလ်

နေယျပုဂ္ဂိုလ်က ရှေးဦးစွာ ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့ကို ထင်မြင်အာရုံပြုပြီးမှ နိဗ္ဗာန်တရားကို ထင်မြင် အာရုံပြုနိုင်သော်လည်း နိဗ္ဗာန်တရားကိုထင်မြင်အာရုံပြုပုံကို ရှေးဦးစွာသိရှိနားလည်ပြီးမှသာခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့ကို ထင်မြင်အာရုံပြုနိုင်ပုံကို သိရှိနားလည်နိုင်မည်ဖြစ်ရကား ရှေးဦးစွာ နိဗ္ဗာန်တရားကိုထင်မြင် အာရုံပြုပုံကို ပြဆိုပါအံ့။

နေယျပုဂ္ဂိုလ်က နိဗ္ဗာန်အစစ်ကို မထင်မမြင် (ဝါ)အာရုံမပြု၊ နိဗ္ဗာန်အစစ်နှင့် မခြားမနား (တသော၀) တဲအတုဖြစ်သော နိဗ္ဗာန် ကိုသာ ထင်မြင်နိုင်၏။ ထိုကြောင့် ဘိက္ခုနိဝိဘင်း အဋ္ဌကထာမှာ ဤသို့မိန့်ဆိုတော်မူ၏။

**သဗ္ဗာသဝါပဟံ မဂ္ဂံ၊**
**ပုညကမ္မေနစိမိနာ။**
**ဥပ္ပါဒေတွာ သသင်္ခါရေ၊**
**သတ္တာ ပဿန္တိ နိဗ္ဗုတိံ။**

ဣမိနာပုညကမ္မေန၊ ဤဝိဘင်း အဋ္ဌကထာကို ပြုစုစီရင်အပ်သော ကောင်းမှုကံကြောင့်ရင်း။အညေနပုညကမ္မေန၊တပါးသော ကောင်းမှုကံကြောင့်ရင်း။ သတ္တာ၊ အလုံးစုံကုန်သော သတ္တဝါ တို့သည်။ သဗ္ဗာသဝါပဟံ၊ အလုံးစုံကုန်သော အာသဝေါတရား

တို့ကို ပယ်ဖျောက်တတ်သော။ မဂ္ဂ၊ အရဟတ္တမဂ်ကို။ သသန္တာနေ၊ မိမိ၏ အဇ္ဈတ္တသန္တာန်၌။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ နိဗ္ဗုတိံ၊ ခန္ဓပရိနိဗ္ဗာန်ကို။ ဉာဏာလောစနေန၊ ဉာဏ်အမြင်ဖြင့်။ ပဿန္တု၊ ရှုမြင်နိုင်ကြပါစေကုန်သတည်း။

"ဤဒ္ဒ အယံဂါထာ တေရဟိ ပေါတ္တတေသု နတ္ထိ၊ ငှိကာသုပန အတ္ထိ၊ တသ္မာဝေ မေတ္တ ယောဇနာ ဝေဒိတဗ္ဗာ။ ဣမိနာ ပုညကမ္မေနစ ဝိဘင်္ဂဝဏ္ဏနာယံ ကတေန ဣမိနာပုညကမ္မေနစ၊ စသဒ္ဒေါ ဟိ အဝုတ္တသမ္ပိဏ္ဍနတ္ထော။ သတ္တာ သဗ္ဗေသတ္တာ သဗ္ဗာသဝ ါပ၊ ဟံ သဗ္ဗေသံ အာသဝါနံ ဝိဃာတကံ မဂ္ဂ အရဟတ္တမဂ္ဂ သသန္တာနေ အတ္တာနော နိယကဇ္ဈတ္တေ ဥပ္ပါဒေတွာ ဇနေတွာ နိဗ္ဗုတိံ ခန္ဓပရိနိဗ္ဗာနံ ဉာဏာလောစနေန ပဿန္တုတို" ဟု ပါဠိတျာဒိ ယောဇနာက ဆို၏။

အဓိပ္ပါယ်မှာ၊ ဤဝိဘင်း အဋ္ဌကထာကို ပြုစီရင်အပ်သော ကောင်းမှုကံကြောင့်ရင်း၊ တပါးသော ကောင်းမှု ကံကြောင့်ရင်း အလုံးစုံသော သတ္တဝါတို့သည် အလုံးစုံသော အာသဝေါတရားတို့ကို ပယ်ဖျောက်တတ်သော အရဟတ္တမဂ်ကို မိမိ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်စေ၍ ခန္ဓပရိနိဗ္ဗာန်ကို ဉာဏ်အမြင်ဖြင့် ရှုမြင်နိုင်ကြပါစေကုန်သတည်းဟု ဆိုလို၏။

ဤလိုဆိုက အရဟတ္တမဂ်ပုဂ္ဂိုလ်သည် မိမိရဟန္တာ ဖြစ်သော အခါ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်, နာမ်, ခန္ဓာတို့၏ နောက်ထပ်နောက်တပ်မဖြစ်ပေါ်သော သဘောရှိသော မိမိ၏အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်အစစ်ကို တိုက်ရိုက်အာရုံမပြုနိုင်၊ဝိပဿနာဉာဏ်အမြင်ဖြင့်သာ အစစ်နှင့်မခြားမနား (တထေဝ)တဲ့ ခန္ဓပရိနိဗ္ဗာန်ကို ရှုမြင်နိုင်သည်ဟု ဆိုလိုသည်။ ထိုပြင်၊

အနုပ္ပါဒေါ ဧဝ နိရောဓော အနုပ္ပါဒနိရောဓော၊ အာယတိံ ဘဝါဒီသု အပ္ပဝတ္တိ၊ န ပန ဘင်္ဂေါတိ ဘင်္ဂဝါ စကံ နိရောဓသဒ္ဒံ နိဝတ္တေတွာ အနုပ္ပါဒဝါစကံ ဂဏှာတိ၊ တေသံ အတ္ထေ ကာရဏော ပလောပစာရံ ကတွာ နိရောဓ ပစ္စယော နိရောဓောတိ ဝုတ္တော။ (မူလဋီကာ)

အနုပ္ပါဒေါဧဝ၊ မဖြစ်ခြင်းသည်ပင်လျှင်။ နိရောဓော၊ ချုပ်ရာတည်း။ အနုပ္ပါဒနိရောဓော၊ မဖြစ်ခြင်းသည်ပင်လျှင်ချုပ်ရာ။ အာယတိံ ဘဝါဒီသု၊ နောင်အခါ၌ဖြစ်ခြင်း အစရှိသည်တို့၌။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းတည်း။ နပနဘင်္ဂေါ၊ ဘင်ချုပ်မျိုးမဟုတ်။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ဘင်္ဂဝါစကံ၊ဘင်ချုပ်မျိုးကိုဟောသော။ နိရောဓသဒ္ဒံ၊ နိရောဓသဒ္ဒါကို။ နိဝတ္တေတွာ၊ နစ်စေ၍။ အနုပ္ပါဒ ဝါစကံ၊ မဖြစ်ခြင်းဟူသော အနုပ္ပါဒကိုဟောသော။ နိရောဓသဒ္ဒံ၊ နိရောဓသဒ္ဒါကို။ ဂဏှာတိ၊ ယူတော်မူ၏။ "တေသံ အတ္ထေ ဒုက္ခ ဿဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ" ဟူ၍ သမ္မောဟဋ္ဌကထာ ပြဆိုသော ဤအရာ၌၊ ကာရဏော၊ အကြောင်းဖြစ်သော နိဗ္ဗာန်၌။ (ဝါ)ဒါန,သီလ,ဘာဝနာကြောင့် ထင်မြင်လာသော အကြောင်းဖြစ်နိဗ္ဗာန်၌။ ဖလောပစာရံ၊ အကျိုးဖြစ်သော နိဗ္ဗာန်၏ အမည်ကို ပုရိသေနဩဒနောပစ္စတေဟူသော ပြယုဂ်၌ ကဲ့သို့ ဖလူပစာရနည်းအားဖြင့် တင်စားသည်ကို။ ကတွာ၊ ပြု၍။ နိရောဓပစ္စယော၊ နိဗ္ဗာန်ကို။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုတ္တော၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

အဓိပ္ပါယ်မှာ၊ မဂ်က ရုပ်,နာမ်,ခန္ဓာတို့ကို ပယ်ဖြတ်သည်မှာ နောင်မဖြစ်ရအောင်ပယ်ဖြတ်ခြင်းပင်ဖြစ်သည့်အတိုင်း ထိုရုပ်,နာမ် ခန္ဓာတို့၏ မဖြစ်ပေါ်ရအောင် ပယ်ဖြတ်ခြင်းသည် မဂ်စွမ်းရည်ပင်

ဖြစ်သည်။ ထိုကြောင့် ရုပ်,နာမ်,ခန္ဓာတို့၏ နောက်ထပ်-နောက်ထပ် မဖြစ်ပေါ်သော သဘောသည် အမြဲရှိရတော့သည်။ ထိုကဲ့သို့ သဘောရှိသော ရုပ်, နာမ်, ခန္ဓာတို့၏ နောက်ထပ် - နောက်ထပ် မဖြစ်ပေါ်သော သဘောသည်သာလျှင်(အနုပ္ပါဒနိရောဓ)အနုပ္ပါ ဒိသေသ ခန္ဓပရိနိဗ္ဗာန်ပင်တည်း။ သို့ရာတွင် ယောဂီ ပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်စွမ်းဖြင့် ထင်မြင်လာသော အနုပါဒိသေသ ခန္ဓ ပရိနိဗ္ဗာန်မှာ ပုရိသေနဒြဒနော ပစ္စတေ ပုရိသေန၊ ယောကျ်ား သည်။ ဩဒနော။ ထမင်းကို။ ပစ္စတေ၊ ချက်အပ်၏ဟုဆိုသော ပြယုဂ်၌ အကျိုးဖြစ်သောထမင်း၏အမည်ကို အကြောင်းဖြစ်သော ဆန်၌ တင်စား၍ ဆန်ကိုထမင်းဟုခေါ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်ဟု ဆိုအပ်သော မိမိသည် ရဟန္တာဖြစ်သောအခါ ထိုရဟန္တာ၏ စုတိ ဘင်ခဏနောင် ရုပ်,နာမ်,ခန္ဓာတို့၏ နောက်ထပ်-နောက်ထပ် မဖြစ် ပေါ်သော သဘောရှိသော အကျိုးဖြစ်သောမိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် အစစ်၏အမည်ကို ဝိပဿနာဉာဏ်အမြင်ဖြင့် ထင်မြင် လာသော အစစ်နှင့်မခြားမနား(တထေဝ)တည်း အကြောင်းဖြစ် သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ဟု ခေါ်သည်။ ထိုကြောင့် ဋီကာကျော်မှာလည်း—

နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။ ။(ဝါ) တနည်းကား။ ဧတေန၊ ဤနိဗ္ဗာန်ဖြင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂမီး အစရှိသည်သည်။ နိဗ္ဗာတိ၊ ငြိမ်းတတ်၏။ ဣတိတသ္မာ၊ ထိုကို အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်သို့ ရာဂအစရှိသောမီး ငြိမ်းကြောင်း ဖြစ်သောသတ္တိကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏ဟု မိန့်ဆိုသည်။

အမိပ္ပါယ်မှာ၊ယောဂီပုဂ္ဂိုလ်၏ဝိပဿနာဉာဏ်စွမ်းဖြင့် ထင်မြင် လာသော အစစ်ဖြစ်သော အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်နှင့် မခြား မနား(တထေဝ)တည်း အတုထင်မြင်လာသော အနုပါဒိသေသ

ခန္ဓပရိနိဗ္ဗာန်ဖြင့် ရာဂအစရှိသော မီးသည်ငြိမ်း၏။ ထိုသို့ ရာဂ အစရှိသော မီးငြိမ်းကြောင်း ဖြစ်သောကြောင့် အတုဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်သည် နိဗ္ဗာန်မည်၏။ အစစ်ဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်သည်မူကား ရာဂအစရှိသော မီးငြိမ်း ကြောင်းမဟုတ်။ ထိုကြောင့် ပရမတ္ထဒီပနိဋီကာမှာ—

နဟိ မဂ္ဂေဝိယ နိဗ္ဗာနေ ကတ္ထစိ ကရဏာသာဓနံ ဒိဋ္ဌံ၊
နစနိဗ္ဗာနံ နိဗ္ဗုတိ ကြိယာသာဓနေ ရာဂါဒိကသာ ကတ္တု
နော သဟကာရိပစ္စယောဟောတိ။

ဟိသစ္စံ၊ မှန်၏။ မဂ္ဂေဝိယ၊ မဂ်၌ကဲ့သို့။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ကတ္ထစိ၊ တစုံတခုသောကျမ်း၌။ ကရဏာသာဓနံ၊ ကရဏာသာဓနကို။ နဒိဋ္ဌံ၊ မမြင်စဘူး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိဗ္ဗုတိကြိယာသာဓနေ၊ ငြိမ်းခြင်းကြိယာကို ပြီးစေရာ၌။ ရာဂါဒိကဿ၊ ရာဂအစရှိသော ကတ္တုနော၊ ကတ္တား၏။ သဟကာရိပစ္စယော၊ တကွပြုလေ့ရှိသော အကြောင်းသည်။ နစဟောတိ၊ ဖြစ်လည်းမဖြစ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊၏ဟုမိန့်ဆိုသော်လည်း အစစ်ဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်၌ ကရဏာသာဓနလည်းမရှိ၊ ငြိမ်းခြင်းကြိယာကိုပြီးစေ ရာ၌ ရာဂအစရှိသော ကတ္တား၏တကွပြုလေ့ရှိသော အကြောင်း သည် ဖြစ်လည်းမဖြစ်ဟု ဆိုနိုင်ပါသည်။ အတုဖြစ်သော အနုပါဒိ သေသ ခန္ဓပရိနိဗ္ဗာန်၌မူကား မဆိုနိုင်-ဖြစ်နိုင်ပါသည်။ ထိုကြောင့် ပရမတ္ထဒီပနီမည်သော မုံရွာမြို့ လယ်တီဋီကာသစ်၌—

ဝိဘာဝနီယံ ပန နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိ အဒိကောတိ
နိဗ္ဗာနန္တိ ဝုတ္တံ၊ တံ န သုန္ဒရံ။

ဟု ဆိုသည်မှာ ယခင်ဝိဘင်းအဋ္ဌကထာ ပါစိတျာဒိယောဇနာ မူလဋီကာတို့ကိုထောက်ရှုက မြင်းကောင်းခွါလိပ် အဆိုမှား-အမြင် မှား ဖြစ်ရလေသည်။ ။အဇ္ဈတ္တရိယံဝတ ဘော။

## ဥဒယဗ္ဗယဉာဏ်

ဤလိုဆိုက ဝိဘင်းအဋ္ဌကထာ ပါဠိတျာဒိယောဇနာ မူလဋီကာတို့ ဆိုသည့်အရ ဤဆိုလတ့်သည့်အတိုင်း နေယျပုဂ္ဂိုလ် ဖြစ်လာရမည်။

> ဧတ္ထ ဟိ စက္ခုဉ္စေဝ ရူပါနိစ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော၊ ဧဝမေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ အာလောကန ဝိလောကနံ ပညာယတိ။ (သမ္မော အဋ္ဌကထာ)

ဟိသစ္စံ၊မှန်၏။ ဧတ္ထ၊ ဤမျက်စိဖြင့် ထင်မြင်ရာ၌။ စက္ခုဉ္စေဝ၊ စက္ခုပသာဒရုပ်သည်၎င်း။ရူပါနိစ၊ရူပါရုံတို့သည်၎င်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ဒဿနံ၊မြင်ရသော စက္ခုဝိညာဏ်စိတ်သည်။ဝိညာဏက္ခန္ဓော၊ဝိညာဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ၊ ထိုဝိညာဏက္ခန္ဓာနှင့် ယှဉ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ သညာ၊ သညာသည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ၊ ဖဿစသော တရားသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံပဉ္စန္နံ ခန္ဓာနံ၊ ထိုခန္ဓာငါးပါးတို့၏။ သမဝါယေ၊ ပေါင်းဆုံကြသော အခါ၌ အာလောကနဝိလောကနံ၊တည့်တည့်ကြည့်ခြင်း တစောင်း ကြည့်ခြင်းသည်။ ပညာယတိ၊ ထင်ရှားလေတော့သည်ဟု မိန့်ဆိုသည့်အတိုင်း ယောဂီပုဂ္ဂိုလ်က ရူပါရုံကို မြင်သည့်အခါ ရူပါရုံနှင့် စက္ခုပသာဒကို ရူပက္ခန္ဓာအနိစ္စံ, ဒုက္ခံ, အနတ္တာဟု အကြိမ်ကြိမ် အဖန်ဖန်များစွာကြည့်ရှုဆင်ခြင်နေတော့ ဘွင်ဘွင်,တေရသမဘွင်,

အတီတဘင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဖြစ်ပြီးနောက် ဘင်ဘင် စသည်တို့နှင့် ပြိုင်၍ဖြစ်သော စက္ခုပသာဒနှင့် ရူပါရုံတို့က စိတ်သက် ၁၇-ချက်၊ ခဏငယ် ၅၁-ချက်ရှိသည့်အနက် အစခဏငယ် တချက်ခန့်သည် ဥပါဒ်။ အလယ်ခဏငယ် ၄၉-ချက်ခန့်သည်ဌီ။ အဆုံးခဏငယ် တချက်ခန့်သည် ဘင်ဟု ထင်မြင်ရသည်မှာ အနုမာန မျက်ရမ်းဆအားဖြင့် ထင်မြင်ရသည်မဟုတ်။ မဟာဒဂုန်မြို့တော်ကြီးသို့ သွားလို၍ စောင့်ဆိုင်းနေကြရကုန်သော သူတို့သည် မန်းမြို့တော်ကြီးမှ ဒဂုန်လွှင်အမြန်မီးရယားကြီး (ဟုတ်ဟုတ်၊ မဟုတ်မဟုတ်၊ ဟုတ်ဟုတ်၊ မဟုတ်မဟုတ်။) တော်တော်ကြာတော့ (မဟုတ်မဟုတ်) ချည်း ခုတ်မောင်းလာသည်ကို မျက်စိဖြင့်ဒိဋ္ဌမြင်ကြရသလို ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝမှာသမုတိသစ္စာ (ပညတ်, ပရမတ္ထသစ္စာ (ပရမတ်) အားဖြင့် ၂-မျိုးရှိရာ ယောကျ်ား, မိန်းမ, ကျောင်း, အိမ် အစရှိသည်တို့၏အမည်ကို ဟုတ်မှန်သည့်အတိုင်း ခေါ်ရကား သမုတိသစ္စာ၊ ထိုသစ္စာသည် ပရမတ္ထသစ္စာသို့ရောက်လျှင် သစ္စာဟူ၍ပင် မခေါ်နိုင်။ ထိုပရမတ္ထသစ္စာကလည်း သဘာဝသစ္စာ, အရိယသစ္စာဟူ၍ ၂-မျိုးရှိရာ၊ စမ္ပသင်္ဂဏီအစရှိသောအဘိဓမ္မာ ၇-ကျမ်း၌ဟောတော်မူအပ်ကုန်သော ကုသိုလ်, အကုသိုလ် အစရှိကုန်သော တရားတို့၏အမည်တို့သည် သဘောအားဖြင့် အထင်အရှားရှိရကား သဘာဝသစ္စာ၊ ထိုသဘာဝသစ္စာသည် အရိယသစ္စာသို့ရောက်လျှင် သစ္စာဟူ၍ပင် မခေါ်နိုင်တော့သည့်အတိုင်း မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော မျက်စိဟူသော သမုတိသစ္စာကို ထွင်းဖေါက်ပြီးနောက် စက္ခုပသာဒဟူသော သဘာဝသစ္စာကို ကျော်လွှား၍ရင်း၊ အဆင်းဟူသော သမူဟပညတ် သမုတိသစ္စာကို ထွင်းဖေါက်ပြီးနောက်

ဝဏ္ဏာယတနဟူသော သဘာဝသစ္စာကို ကျော်လွှားရှိရင်း၊ စက္ခုပသာဒနှင့် ရူပါရုံတို့၏ ဥပါဒ်, ဌီ, ဘင်အားဖြင့် ၃-ပါးရှိသည့် အနက် ဥပါဒ်နှင့် ဘင်ကိုသာ အရိယာသစ္စာအားဖြင့် ထင်မြင်ရသည်။ ထိုသို့ ထင်မြင်ရသည်ဟု ဆိုသော်လည်း အစစ်ဖြစ်သော ဥပါဒ်နှင့်ဘင်မဟုတ်။ အစစ်နှင့် မခြားမနား (တထေဝ) တည်းအတုဖြစ်သော ဥပါဒ်နှင့် ဘင်ကို ဖြစ်ပြီးနောက် ချုပ်ဆုံးသွားရကား အနိစ္စ။အဖြစ်နှင့်မနေဘဲ ချုပ်ဆုံးသွားရကား ဒုက္ခ။ ဖြစ်ပြီးချုပ်ဆုံးရသဖြင့် အထည်ကိုယ်မရှိ၊ခေါ်စရာလဲမရှိရကား အနတ္တဟု ထင်မြင်ရလေသည်။

ထိုပြင် အဇ္ဈတ္တအတွင်း၌ရှိသော စက္ခုဝိညာဏ်စိတ်ကို ဝိညာဏက္ခန္ဓာ အနိစ္စံ, ဒုက္ခံ, အနတ္တာဟူ၍ရင်း၊ ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာ အနိစ္စံ,ဒုက္ခံ,အနတ္တာဟူ၍ရင်း၊ သညာစေတသိက်ကို သညာက္ခန္ဓာ အနိစ္စံ, ဒုက္ခံ,အနတ္တာဟူ၍ရစ်း၊ ဝေဒနာသညာမှ ကြွင်းသော ဖဿအစရှိသော စေတသိက်တို့ကို သင်္ခါရက္ခန္ဓာ အနိစ္စံ, ဒုက္ခံ, အနတ္တာဟူ၍ရင်း၊ အကြိမ်ကြိမ် အဖန်ဖန် များစွာ ကြည့်ရှုလိုက်တော့ ဘွင်ဘွင်, တေရသမဘွင်, အတိတဘွင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ် တဒါရုံ ၂-ကြိမ်ဖြစ်ပြီးနောက် ဘွင်ဘွင် အစရှိသည်တို့၌ ရှိသော စက္ခုဝိညာဏ်စိတ်, ဝေဒနာ, သညာ, သင်္ခါရတို့၏ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်,ဌီ,ဘင်ဟူ စရှိသည်တို့ကို ထင်မြင်ရသည်မှာ အနုမာန မျက်ရမ်းဆအားဖြင့် ထင်မြင်ရသည်မဟုတ်။ ရွှေမန်းမြို့ တော်ကြီးသို့ သွားလို၍ စောင့်ဆိုင်းနေကြရကုန်သော သူတို့သည် ရန်ကုန်မြို့ဘော်ကြီးမှ ဒဂုန်လွှင်အမြန်ရထားကြီး (ဟုတ်ဟုတ်၊မဟုတ်မဟုတ်၊ ဟုတ်ဟုတ်၊ မဟုတ်မဟုတ်။) တော်တော်ကြာတော့ မဟုတ်မဟုတ်ချည်း ခုတ်မောင်း

လာသည်ကို မျက်စိဖြင့်ဒိဋ္ဌမြင်ကြရသလို၊ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်ဉာဏ်ဝမှာ ဝိညာဏ်, ဝေဒနာ, သညာ, သင်္ခါရဟူသော သဘာဝသစ္စာကို ကျော်လွှားရ၍ ထိုတရားတို့၏ ဥပါဒ်, ဌီ, ဘင် အားဖြင့် ၃-ပါးရှိသည့်အနက် ဥပါဒ်နှင့်ဘင်ကိုသာ အရိယသစ္စာအားဖြင့် ထင်မြင်ရသည်။ ထိုသို့ ထင်မြင်ရသည်ဟုဆိုသော်လည်း အစစ်ဖြစ်သော ဥပါဒ်နှင့်ဘင်ကို ထင်မြင်ရသည်မဟုတ် အစစ်နှင့် မခြားမနား (တထေဝ) တည်း အတုဖြစ်သော ဥပါဒ်နှင့်ဘင်ကို ဖြစ်ပြီးနောက် ချုပ်ဆုံးသွားရကား အနိစ္စ၊ အဖြစ်နှင့်ချည်း မနေတော့ဘဲ ချုပ်ဆုံးသွားရကား ဒုက္ခ၊ ဖြစ်ပြီးချုပ်ဆုံး ဘွားရပြန်သဖြင့် အသည်ကိုယ်မရှိ ခေါ်စရာလဲမရှိရကား အနတ္တဟု ထင်မြင်ရလေသည်။

အဘယ့်ကြောင့်နည်းဟူမူ နာမက္ခန္ဓာက လျှပ်စစ်တပြက် မျက်စိတမှိတ် အတွင်းမှာပင် ခဏပေါင်း ကုဋေ တသိန်းကျော် ကျသွားနိုင်ရကား အဘယ်မှာ အစစ်ဖြစ်သော နာမက္ခန္ဓာကို ထင်မြင်နိုင်ပါမည်နည်း။ ရူပက္ခန္ဓာကလည်း စိတ်သက် ၁၇-ချက် ခဏငယ် ၅၁-ချက်နှင့်ညီမျှသော အသက်ရှိရကား သူလဲအတော်မြန်နေပေ၏။ ထိုပြင် အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန် တို့မှာလည်း အစစ်ပစ္စုပ္ပန် မဟုတ်ကြ။ အစစ်နှင့် မခြားမနား (တထေဝ)တည်း ထင်မြင်လာသော အတု ပစ္စုပ္ပန်သာတည်း။ ထိုသို့ ထင်မြင်ရာ၌ အမိပ္ပါယ်မှာ ပထမ စျာန်ကိုရအောင် စကောလောက်ရှိသော မဖြူလွန်း မနီလွန်း နေအရုဏ် အဆင်းရှိသော မြေအဝိုင်းအဝန်းကလေးကို မျက်စိဖြင့် သေသေချာချာကြည့်ပြီး (ပထဝီ-ပထဝီ)ဟု အကြိမ်ကြိမ်, အဖန်ဖန် များစွာကြည့်ရှုရသော အာရုံနိမိတ်ကို ပရိကမ္မနိမိတ်ဟု ခေါ်သည်။

ထိုနောက် မျက်စိဖြင့် မကြည့်တော့ဘဲ မျက်နှာကိုလှဲ၍ ထိုပရိကမ္မနိမိတ်အာရုံကိုပင် ပထဝီ ပထဝီဟု ကြိမ်ဖန်များစွာ ကြည့်ရှု၍ ပရိကမ္မနိမိတ်အတိုင်း ထင်မြင်လာပါက ထိုနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။

ထိုနောက်ထိုဥဂ္ဂဟနိမိတ်ကိုပင်ပထဝီ-ပထဝီဟုကြိမ်ဖန်များစွာ ကြည့်ရှု၍ ထိုဥဂ္ဂဟနိမိတ်ထက် သန့်သန့်ရှင်းရှင်း (အသေအချာ) ထင်မြင်လာသော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

ဤကား မျက်စိဖြင့် မြင်ပြီးသော အာရုံနိမိတ်ကို မျက်စိဖြင့် မကြည့်ဘဲ၊ ထင်မြင်လာသော အစစ်နှင့်မခြားမနား (တထေဝ) တည်း အတုထင်မြင်လာရအောင် အာရုံပြုနိုင်ရခြင်းတည်း။

ရူပက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာအစရှိသည်ဖြင့် စီးဖြန်းရခြင်းကား မျက်စိဖြင့် မမြင်ဘူးရသေးဘဲနှင့် ထင်မြင်လာအောင် အားထုတ်ရခြင်းဖြစ်သည်။ ဤအလို အားထုတ်ရခြင်းက မလွယ်ဘူး ဆရာတို့။ အဘယ်ကြောင့်နည်းဟူမူ ယောကျ်ား, မိန်းမ, အိမ်, ကျောင်းအစရှိသော သမုတိသစ္စာမှ ယောကျ်ား, မိန်းမ အစရှိသည်၌ ရှိသော ရုပ်, နာမ်ဟူသော သဘာဝသစ္စာ ထင်မြင်လာအောင်ဘဲ အတော်ကြီး အားခဲရပေလိမ့်မည်။ ထိုသဘာဝသစ္စာမှ ပရမတ္ထတရား၌ ဥပါဒ်ပြီး ဘင်ထင်မြင်သွား၍ ဘာကမအကောင် အထည်မရှိရအောင် အရိယသစ္စာ ထင်မြင်လာသည် အထိက ပိုပြီး ခက်နေတော့ တော်တော့ပါရမီ ဥပနိဿယနှင့် ဥဒယဗ္ဗယဉာဏ် မထင်မမြင်လာနိုင်။ ထိုကြောင့် အနှစ် ၂-သောင်းခေတ်၌ ပွင့်တော်မူသော ကဿပ မြတ်စွာဘုရားသခင်၏ လက်ထက်တော်အခါ၌ ရဟန်း ၅-ရာတို့သည် အနိစ္စကိုချည်း စီးဖြန်းကြကုန်သော်လည်း ဥဒယဗ္ဗယဉာဏ်မျှမပေါ်။ ထိုပြင် ရဟန်း ၅-ရာတို့က ဒုက္ခကိုချည်း စီးဖြန်းကြကုန်သော်လည်း ဥဒယဗ္ဗယဉာဏ်မျှမရကြ။ ထိုပြင်လည်း

ရဟန်း ၅-ရာတို့က အနတ္တကိုချည်း စီးဖြန်းကြကုန်သော်လည်း ထိုအတူ ဥဒယဗ္ဗယဉာဏ်မျှ မထင်မမြင်နိုင်ကြ။ ထိုပြင်လည်း တောင်ကလပ်တခုမှာ ဒါရုစရိယ, ကုမာရကဿပ, သုပ္ပိယ, အသျှင် ဒဗ္ဗ, ပက္ကုသာတိတို့ အလောင်း ရဟန်း ၅-ပါးတို့လည်း အသေ အလဲအားထုတ်ကျင့်ကြကုန်သော်လည်း ဥဒယဗ္ဗယဉာဏ်မျှမပေါ် လာ။ငါတို့မြတ်စွာဘုရားသခင်၏ လက်ထက်တော် အခါကလည်း သမဏဆိုသော ရဟန်းတပါးသည် တမဂ်တဖိုလ်ကို မရက မထပြီ ဟု ကြိုးစားပန်းစား အားထုတ်ပါသော်လည်း ဥဒယဗ္ဗယဉာဏ်မျှ မပေါ်လာ သေရှုံးခဲ့ရှိသည်။ထိုပြင်လည်း ဟံသာဝတီပဲခူးတလိုင်း ဘုရင်က စစ်ရှုံးသော မြန်မာအာဝဘုရင် ဟံသာဝတီပါ မင်း တရားအား ရေသို့ချရာ၊ ရေချခါနီး၌ ဟံသာဝတီပါမင်းတရားက (၁) ပုဂ္ဂိုလ်ခြောက်မည်။ (၂) ထုတ်သိုဆောက်တည်။ (၃) နှုတ် ချီလျှောက်မည်ဟူသော အပိုဒ် ၃-ခုရှိသည့်အနက် (၂) ထုတ်ဆို ဆောက်တည်ဟူသောအပိုဒ်ကို စပ်ဆိုလိုက်ရာ၌-

(၂) **ထုတ်ဆိုဆောက်တည်**။ ခန့်ငါးမည်လည်း၊ အတည်မမြဲ၊ လွန်ဆင်းရဲစွ၊ စိုးကဲမသာ၊ ဤကာယာမူ၊ ဖန် ရာဆင်ခြင်။ ဌီသို့တင်လည်း၊ ဘင်သာမရောက်၊တဘောက် တက်တက်၊ တသက်သက်တည့်။ မွန်းချက်ဦးတင်၊ သုံးခွင် မိုက်မှောင်၊လေးမယ်ရောင်လည်း၊ရာ-ထောင်ဆခါ၊ မနှုန်း သာသား၊ဝိဇ္ဇာယှက်မြေး၊ယိုသည့်ဘေးကြောင့်၊တုန်အေး သည်တွင်၊ ခြင်ဆီချင်းမျှ၊ ပျံ့သင်းမရှင်၊ ရှိသည်ပင်ကို၊ နှောင်းမြင်ငြိမ့်ရှန်း၊ လှတုကျွန်းသား၊ သုံးခန်းခေတ္တာ၊ စံတိုင်းပသည်။ ။ရှင်ယျကိုသာတမ်းမိခဲ့။

ဟု ဥဒယဗ္ဗယဉာဏ် မထင်မမြင် လာနိုင်သဖြင့် အရိမိတေယျ မြတ်စွာဘုရားသခင်ကိုသာ ရှမ်းဆရျတမ်းတတော်မူရတော့သည်။ ထိုကြောင့် မြတ်စွာဘုရားသခင်က-

**သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာ ယထာ။**
**ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော။**
(ထေရဂါထာပါဠိတော်)

ယေ၊ အကြင်သူတို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာ ၅-ပါး ရုပ်,နာမ် တရားတို့ကို။ ပရတော၊ အတ္တမှအပ အနတ္တအားဖြင့်။ ပဿန္တိ၊ ရှုဆင်ခြင်နိုင်ကုန်၏။ အတ္တတော၊ အတ္တအားဖြင့်။ နောပဿန္တိ၊ မရှုမဆင်ခြင်နိုင်ကုန်။ တေ၊ ထိုသူတို့သည်။ ဝါလဂ္ဂံ၊ သေးမျှင်လှ ပြေးသားမြီးဖျားကလေးကို။ ဥသုနာ၊ မြားဖြင့်။ ပဋိဝိဇ္ဈန္တိယထာ။ ထိုးထွင်းခွဲလစ် မှန်အောင်ပစ်နိုင်ကုန်သကဲ့သို့။ သုခုမံ၊ သိမ်မွေ့လှ စွာသော ပရမတ်အစုခေါတ်အနက်ကို။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်းဘောက်ခွဲ နိုင်သောသူတို့မည်ပါပေကုန်၏ ဟု ခန္ဓာ ၅-ပါး ရုပ်,နာမ်တရား ကို အနတ္တဉာဏ်ပေါက်သော ပုဂ္ဂိုလ်ကို ချီးကျူးတော်မူပေ၏။

ဤဒေသနာတော်ဖြင့် ရုပ်,နာမ်ခန္ဓာတို့ကိုအနတ္တထင်မြင်ရမည် ဟု ဟောတော်မူသော်လည်း အစစ်ဖြစ်သော ရုပ်,နာမ်ခန္ဓာမဟုတ် ယခင်ပြဆိုခဲ့ပြီးသော ဝိဘင်းအဋ္ဌကထာ ပါစိတျာဒိ ယောဇနာ မူလဋီကာတို့အလိုအရ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဥ္ဒ အစစ်နှင့်မခြား နား(တထေဝ)တည်း အတုထင်မြင်လာသော ဥပါဒ်ဆို ဘင်ဖြစ် သွားရှ် အတ္တမခေါ်နိုင် ခေါ်သုံလဲမရသော အနတ္တအာရုံသာ တည်း၊ ထိုအနတ္တအာရုံကို ဘယ်လိုနည်းနှင့်မှအာရုံမပြုနိုင်က နေယျ ပုဂ္ဂိုလ်မဟုတ် ပဒပရမပုဂ္ဂိုလ်သာတည်း။ ဤဥဒယဗ္ဗယဉာဏ် မဖြစ် ပေါ်လာကလည်း ဘင်ဉာဏ်အစရှိသော ဉာဏ်စဉ်မဖြစ်နိုင်-မတတ် နိုင်တော့ပြီ။ ဤလို ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်လာက၊

**ဩဘာသော ပီတိ ပဿဒ္ဓိ၊**
**အဓိမောက္ခော,စ ပဂ္ဂဟော။**
**သုခံ,ဉာဏ မုပဋ္ဌာန၊**
**မုပေက္ခာစ˙ နိကန္တိစ။ ။**

(အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ)

ဩဘာသောစ၊အရောင်ရှင်း။ပီတိစ၊နှစ်သက်ခြင်းရှင်း။ပဿဒ္ဓိစ၊ ငြိမ်းခြင်းရှင်း။ အဓိမောက္ခောစ၊ သဒ္ဓါယုံကြည်ခြင်းရှင်း။ပဂ္ဂဟော စ၊ ထောက်ပံ့နိုင်စေခြင်းရှင်း။ သုခဉ္စ၊ ချမ်းသာခြင်းရှင်း။ ဉာဏဉ္စ၊ ဉာဏ်ရှင်း။ ဥပဋ္ဌာနဉ္စ၊ ထင်ခြင်းသတိရှင်း။ ဥပေက္ခာစ၊ လျစ်လျူ ရှုခြင်းရှင်း။ နိကန္တိစ၊ တပ်ခြင်းတဏှာရှင်းဟု မိန့်ဆိုသည့်အတိုင်း ထင်မြင်လာသော ဩဘာသအစရှိသော အာရုံတို့ကား ဝိပဿနာ ငြစ်ညူးကြောင်း တရားဝင် ထင်မြင်လာသည့်အာရုံတို့သာတည်း။ ဥဒယဗ္ဗယဉာဏ် မပေါ်ခင်ကသော်ရှင်း။ ပေါ်ပြီး ပေါ်ဆဲ၌ သော်ရှင်း ထင်မြင်ချင်ရာ ထင်မြင်လာသည်ကား ရွှေတိဂုံ မဟာ မြတ်မုနိဘဲထင်ထင် တရားဝင်သော အာရုံမဟုတ်။

## ဉာဏ်တက်စဉ်

ထိုနောက် ထိုဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည့် အတော အတွင်းမှာပင် တေဘူမကသင်္ခါရ ရုပ်,နာမ်ခန္ဓာတို့၏ ဘဖြစ် (ဥဒယ)သဘောကို မထင်မမြင်တော့ဘဲ အပျက်(ဝယ)သဘော ကိုသာ ထင်မြင်တဲ့ဘင်ဉာဏ်ဖြစ်ပေါ်လာသည်၊ဤလိုဖြစ်ပေါ်လာ တော့ တေဘူမကသင်္ခါရရုပ်,နာမ်ဖြစ်ပေါ်ပြီး ပျက်ပျက်သွားနေ တာကိုပင် ကြောက်စရာကြီးဟု ထင်မြင်လာတဲ့ ဘယဉာဏ်ဖြစ် ပေါ် လာပြန်သည်။ ဘယဉာဏ်ဖြစ်ပေါ်လာတော့လဲ ဤတေဘူ မကသင်္ခါရ ရုပ်,နာမ်တရားတွေ ဖြစ်ဖြစ်နေရတာကိုဘဲ အလွန်

ငြိုးငွေ့စရာကြီးဖြစ်တဲ့ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာပြန်သည်။ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာတော့လဲ ထိုရုပ်,နာမ်ခန္ဓာတွေ အဖန်တလဲလဲ ဖြစ်ဖြစ်မနေချင် ထိုသို့ ဖြစ်ဖြစ်နေရတဲ့အထဲက ထွက်ချင်ပြေးလိုတဲ့ မုဥ္စိတုကမျတာဉာဏ် ဖြစ်ရပြန်သည်။ ဤလိုဉာဏ်တွေ ဖြစ်ဖြစ်နေတော့ ဘယ်လိုလုပ်ရမှာလဲ ရုပ်,နာမ်ခန္ဓာတို့ကိုပင် အနိစ္စံ ဒုက္ခံ အနတ္တာဟု အဖန်ဖန်ဆင်ခြင်မှဘဲဟူသော ပဋိသင်္ခါဉာဏ် ဖြစ်ရသည်။ ထိုသို့ ပဋိသင်္ခါဉာဏ်ဖြစ်နေတော့ ထိုရုပ်,နာမ်တရားတို့၌ မကပ်မငြိတွယ်ချင်တော့ဘဲ လျစ်လျူရှုလိုတဲ့သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာပြီးနောက် ဤကဲ့သို့ ဖြစ်ပေါ်ပြီးလာသော ဉာဏ်ဟူသမျှတို့သည် မဂ်ဖြစ်ရန် သင့်လျော်လျောက်ပတ်ပေပြီ ဟူသော အနုလောမဉာဏ် ဖြစ်ပေါ်လာရသည်။ ထိုနောက်-

**တာဝ သာဒီနဝါနုံပိ၊ လက္ခဏော တိဋ္ဌတေ မတိ။**

**နပဿေ ယာဝ သာ တီရံ၊ သမုဒ္ဒ သကုဏီ ယထာ။ ။**

(သစ္စသင်္ခေပအဋ္ဌကထာ)

သမုဒ္ဒသကုဏီ၊ သမုဒ္ဒရာ၏အလယ်၌ လွှတ်သောငှက်မသည်။ ယာဝ၊ အကြင်မျှလောက်။ တီရံ၊ သမုဒ္ဒရာ၏ကမ်းကို။ နပဿေ၊ မမြင်ရသေး။ တာဝ၊ ထိုမျှလောတ်။ကူပယဋ္ဌိယံ၊ ရွက်တိုင်ဖျား၌။ တိဋ္ဌတေယထာ၊ နားရသကဲ့သို့။ တထာ၊ ထိုအတူ။ သာမတိ၊ ထိုဝိပဿနာပညာသည်။ ယာဝ၊ အကြင်မျှလောက်။ တီရံ၊ နိဗ္ဗာန်တည်းဟူသောကမ်းကို။ နပဿေ၊ မမြင်ရသေး။ တာဝ၊ ထိုမျှလောက်။ သာဒီနဝါနုံပိ၊ အဖြစ်နှင့်တကွ ဖြစ်ကုန်သော တောဘူမက သင်္ခါရတရားတို့၏လည်း။ လက္ခဏေ၊ အနိစ္စ အစရှိသော လက္ခဏာ၌။ တိဋ္ဌတေ၊ တည်ရ၏။

**သဒ္ဓါသော ပီတိ ပဿဒ္ဓိ၊**
**အဓိမောက္ခော,စ ပဂ္ဂဟော။**
**သုခံ,ဉာဏ မုပဋ္ဌာန၊**
**မုပေက္ခာစ ံ နိကန္တိ စ။ ။**

(အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ)

သဒ္ဓါသောစ၊အရောင်ငင်း။ပီတိစ၊နှစ်သက်ခြင်းငင်း။ပဿဒ္ဓိစ၊ ငြိမ်းခြင်းငင်း။ အဓိမောက္ခောစ၊ သဒ္ဓါ ယုံကြည်ခြင်းငင်း။ပဂ္ဂဟောစ၊ ထောက်ပံ့နိုင်စေခြင်းငင်း။ သုခဉ္စ၊ ချမ်းသာခြင်းငင်း။ ဉာဏဉ္စ၊ ဉာဏ်ငင်း။ ဥပဋ္ဌာနဉ္စ၊ ထင်ခြင်းသတိငင်း။ ဥပေက္ခာစ၊ လျစ်လျူရှုခြင်းငင်း။ နိကန္တိစ၊ တပ်ခြင်းတဏှာငင်းဟု မိန့်ဆိုသည့်အတိုင်း ထင်မြင်လာသော သဒ္ဓါသအစရှိသော အာရုံဟိုကား ဝိပဿနာ ဖြစ်ညှုးကြောင်း တရား၀င် ထင်မြင်လာသည့်အာရုံတို့သာတည်း။ ဥဒယဗ္ဗယဉာဏ် မပေါ်ခင်ကသော်ငင်း။ ပေါ်ပြီး ပေါ်ဆဲ၌ သော်ငင်း ထင်မြင်ချင်ရာ ထင်မြင်လာသည်ကား ရွှေတိဂုံ မဟာမြတ်မုနိဘဲထင်ထင် တရား၀င်သော အာရုံမဟုတ်။

## ဥာဏ်တက်စဉ်

တိုနေ့ာက် ထိုဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည့် အခေါ အတွင်းမှာပင် တောဘူမကာသခ်ါရ ရုပ်,နာမ်ခန္ဓာတို့၏ ဘဖြစ်(ဥဒယ)သဘောကို မထင်မမြင်တော့ဘဲ အပျက်(ဝယ)သဘော ကိုသာ ထင်မြင်တဲ့ဘင်္ဂဉာဏ်ဖြစ်ပေါ်လာသည်၊ဤလိုဖြစ်ပေါ်လာ တော့ တောဘူမကာသခ်ါရရုပ်,နာမ်ဖြစ်ပေါ်ပြီး ပျက်ပျက်သွားနေ တာကိုပင် ကြောက်စရာကြီးဟု ထင်မြင်လာတဲ့ ဘယဉာဏ်ဖြစ် ပေါ် လာပြန်သည်။ ဘယဉာဏ်ဖြစ်ပေါ်လာတော့လဲ ဤတောဘူမကာသခ်ါရ ရုပ်,နာမ်တရားတွေ ဖြစ်ဖြစ်နေရတာကိုဘဲ အလွန်

လာသော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်တည်းဟူသော ကမ်းကို မမြင်ရသေး။ ထိုမျှလောက်သော ကာလပတ်လုံး အပြစ်နှင့်တကွ ဖြစ်ကုန်သော အစစ်နှင့်မခြားမနား (တထေဝ)တည်း အတုဖြစ်ကုန်သော ရုပ်,နာမ်ခန္ဓာတို့၏ အနိစ္စ ဒုက္ခ အနတ္တဟုဆိုအပ်သော လက္ခဏာ၃သာ အဖန်တလဲလဲတည်နေရသည်။ ဤလို ဤလိုချည်း တည်နေရတော့ မလိုချင်ဘူးသည် အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို သည်တော့ဘယ်မှာလဲနိစ္စ ဘယ်မှာလဲသုခ ဘယ်မှာလဲအတ္တ ရှိမှရှိပါရဲ့လားဟု ပူပန်လှိုန်းမက အပူပန်ကြီးပူပန်တော့မှ-

**ရာဂါဒိနံ ခယံဝုတ္တံ၊ နိဗ္ဗာနံ သန္တိ လက္ခဏံ။**

**သံသာရ ဒုက္ခသန္တာပ၊ တတ္တာဿာယံ သမေတဝေ။ ။**

(သစ္စသင်္ခေပ အဋ္ဌကထာ)

ရာဂါဒိနံ၊ ရာဂအစရှိသော ကိလေသာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အသင်္ခတဓာတ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ရာဂအစရှိသော ကိလေသာဖြစ်ခြင်းတို့မှ ငြိမ်းခြင်း လက္ခဏာရှိ၏။ သံသာရဒုက္ခသန္တာပတတ္တဿ၊ သံသရာ ဝဋ်ဆင်းရဲတည်းဟူသော ပူပန်ခြင်းဖြင့် ပူပန်သောပုဂ္ဂိုလ်အား။ သမေတဝေ-သမေတုံ၊ ငြိမ်းစေခြင်းငှါ။ အလံ၊ စွမ်းနိုင်၏ဟု မိန့်ဆိုသည့်အတိုင်း အကယ်၍ ယောဂီပုဂ္ဂိုလ်ဟုဆိုအပ်သော မိမိသည် ရဟန္တာဖြစ်သောအခါ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်,နာမ်ခန္ဓာတို့၏ နောက်ထပ်နောက်ထပ် မဖြစ်ပေါ်သော သဘောရှိသော မိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်မှာ ရုပ်,နာမ်ခန္ဓာတို့၏ နောက်ထပ်နောက်ထပ် မဖြစ်ပေါ်သော သဘောအမြဲရှိနေသဖြင့် မြဲရကားနိစ္စ၊ ရုပ်,နာမ် ခန္ဓာတို့၏ နောက်ထပ်နောက်ထပ်မဖြစ်ပေါ်သော သဘောရှိနေသဖြင့် အမြဲ

ချမ်းသာရကား သန္တိသုခ။ ဘယ်သူဘယ်တရားတို့၏ အလိုသို့ မလိုက် အထည်ကိုယ်လည်း မရှိရကား အနတ္တ။ ဤလိုနိစ္စ သုခ အနတ္တဖြစ်သော မိမိဖြစ်လတ္တံ့သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် အစစ်နှင့်မခြားမနား (တထေဝ)တည်း ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ မှာ အတုထင်မြင်လာသော မိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို သာ ထင်မြင်လာသည့်အတိုင်း ထိုအတုဖြစ်သော နိဗ္ဗာန်ဖြင့် ရာဂ အစရှိသော မီးငြိမ်းရသည်။ ထို့ကြောင့်။

နိဗ္ဗာတိဝါ ဧတေန ရာဂဂ္ဂိ အာဒိကောဘိ နိဗ္ဗာနံ။ (ဋီကာ ကျော်) ဝါ၊တနည်းကား။ ဧတေန၊ ဤနိဗ္ဗာန်ဖြင့်။ ရာဂဂ္ဂိအာဒိ ကော၊ ရာဂအစရှိသောမီးသည်။ နိဗ္ဗာတိ၊ ငြိမ်းတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ရာဂအစရှိသော မီးငြိမ်းကြောင်းဖြစ်သော သတ္တိ ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ထိုပြင်၊

အသင်္ခတ ဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ၊ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခိယန္တိ၊ တသ္မာ ရာဂက္ခ ယော, ဒေါသက္ခယော, မောဟက္ခယောတိ ဝုတ္တံ။
(သမ္မော အဋ္ဌကထာ)

အသင်္ခတဓာတူတိ၊ အသင်္ခတဓာတု ဟူသည်ကား။ အသင်္ခတ သဘာဝံ၊ အသင်္ခတသဘောဖြစ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ ဧတံနိဗ္ဗာနံ၊ ထိုအသင်္ခတသဘောဖြစ် သောနိဗ္ဗာန်ကို။ အာဂမ္မ၊ အာရုံပြုသောကြောင့်။ ရာဂါဒယော၊ ရာဂအစရှိကုန်သော ကိလေသာတို့သည်။ ခိယန္တိ၊ ကုန်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုအသင်္ခတ သဘောဖြစ်သော နိဗ္ဗာန်ကို။ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယောတိ၊ ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယောဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏ဟု မိန့်ဆိုသော

ဤအဋ္ဌကထာ၌ တော်အာဂမမှာ အစစ်ဖြစ်သော နိဗ္ဗာန်မဟုတ်၊ အတုထင်မြင်လာသောနိဗ္ဗာန်သာတည်း။ ထိုပြင်-

ယော ခေါ အာဝုသော ရာဂက္ခယောတိ နိဗ္ဗာနံ အာ
ဂမ္မ ရာဂေ ခိယတိ၊ တသ္မာနိဗ္ဗာနံ ရာဂက္ခယောတိ ဝုစ္စတိ။
ဒေါသ, မောဟက္ခယေသုပိ ဧသေဝနယော။

(သံယုတ်အဋ္ဌကထာ)

ယောခေါ အာဝုသော ရာဂက္ခယောတိ၊ယောခေါ အာဝုသော ရာဂက္ခယော ဟူသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာဂမ္မ၊အာရုံပြု၍။ ရာဂေ၊ ရာဂသည်။ ယသ္မာ၊ အကြင်ကြောင့်။ ခိယတိ၊ ကုန်၏။ တသ္မာ၊ ထိုကြောင့်။နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ရာဂက္ခယောတိ၊ ရာဂက္ခယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒေါသ, မောဟက္ခယေသုပိ၊ ဒေါသက္ခယ, မောဟက္ခယတို့၌လည်း။ ဧသေဝနယော၊ ဤရာဂက္ခယနည်းလျှင်နည်းရှိ၏ဟု မိန့်ဆိုသော ဤအဋ္ဌကထာစကား၌လည်း နိဗ္ဗာနံအာဂမမှာ အစစ်ဖြစ်သောနိဗ္ဗာန်မဟုတ်။အတုထင်မြင်လာသော နိဗ္ဗာန်သာတည်း။ ဤ၌-

## နေယျပုဂ္ဂိုလ် မထင်မြင်နိုင်သောနိဗ္ဗာန်

ပုဗ္ဗာဗျာကရဏကျမ်း နိဗ္ဗာနသရူပဒီပနီကျမ်းပြု အသျှင်စန္ဒဝံသာလင်္ကာရမည်သော မြို့ပြင်ကြီးဆရာတော်၏ အယူအကျဉ်းချုပ် နိဗ္ဗာန်မှာ အကြောင်း ဖြစ်သော ပရမတ်အသင်္ခတနိဗ္ဗာန်၊ အကျိုးဖြစ်သော ပညတ်အသင်္ခတ နိဗ္ဗာန်အားဖြင့် ၂-မျိုးရှိရာ ကမ္ဘာစဉ်ဆက်၌ဖြစ်သည် ပျက်သည်ဟူ၍ မရှိ၊ နိစ္စ, ဓုဝ, သဿတ အားဖြင့် အမြဲထာဝရ တည်၍နေသော အသင်္ခတဓာတ်ကို အကြောင်းဖြစ်သော ပရမတ်အသင်္ခတနိဗ္ဗာန်ခေါ်သည်။

ထိုနိဗ္ဗာန်ကို အာရုံပြု၍ ရုပ်,နာမ်,ခန္ဓာတို့၏ ချုပ်ဆုံးကုန်ခန်းခြင်း၊ အဘာဝအဖြစ်သို့ ရောက်ခြင်းကို အကျိုးဖြစ်သော ပညတ်အသခ်တနိဗ္ဗာန်ခေါ်သည်ဟုဆိုရာ၊ အသျှင်သာရိပုတ္တရာက သာခုခေါ်ရသော ရုပ်-ဝေဒနာစသော တရားသည် အနိစ္စသာတည်း။ အနိစ္စဟူက ဒုက္ခချည်းသာတည်း။ ထိုအနိစ္စ,ဒုက္ခဖြစ်သော ရုပ်, ဝေဒနာစသော ခန္ဓာ ၅-ပါးတို့၏ ချုပ်ခြင်းတို့ ရောက်ပါသည်ဟူ၍သာ ဖြေဆိုပါအံ့ဟု လျှောက်ထားသော သောတာပန်ဖြစ်ပြီးသော အသျှင်ယမကမထေရ်၏စကားကို ထောက်ရှုက ရုပ်,ဝေဒနာစသော ခန္ဓာ ၅-ပါးတို့၏ ချုပ်ခြင်းသို့ရောက်ခြင်းသည် ဘယ်လိုနည်းနှင့်ရောက်ရောက် ချုပ်ခြင်းသို့ ရောက်ခြင်းမျှသာ ဖြစ်သည့်အပြင်၊

**ခယမတ္တံ န နိဗ္ဗာနံ၊ ဂမ္ဘီရာဒိသ ဝါစတော။**

**အဘာဝဿ ဟိ ကုမ္မာနံ၊ လောမဿဝ အဝါစတော။**

(သစ္စသခ်ေပအဋ္ဌကထာ)

ခယမတ္တံ၊ ရုပ်, နာမ်, ခန္ဓာ, ကိလေသာတို့၏ ကုန်ခန်းခြင်းအဘာဝမျှသည်။ န နိဗ္ဗာနံ၊ နိဗ္ဗာန်မဟုတ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ အဿ၊ ထိုနိဗ္ဗာန်၏။ ဂမ္ဘီရာဒိ၊ နက်နဲခြင်းအစရှိသောဂုဏ်ကို။ ဝါစတော၊ ပဋိသောတဂါမိံ နိပုဏံ,ဂမ္ဘီရံ,ဒုဒ္ဒသံ, အဏုံစသည်ဖြင့် ဟောတော်မူခြင်းကြောင့်တည်း။ ဟိ၊ ဥပမာအားဖြင့် ထင်စွာပြဦးအံ့။ ကုမ္မာနံ၊ လိပ်တို့၏။ အဘာဝဿ၊ လုံးလုံးမရှိသော။ လောမဿ၊ အမွေး၏။ အဝါစဘာဝေ၊ အမွေးပြူလော-အမွေးနက်လောဟူသောစကားတလုံးဖြာ်အောင် ဆိုဘွယ်မရှိသကဲ့သို့။ အဘာဝဿ၊လုံးလုံးမရှိသော နိဗ္ဗာန်ကို။အဝါစတော၊ ပဋိသောတဂါမိံ, နိပုဏံ, ဂမ္ဘီရံ, ဒုဒ္ဒသံ, အဏုံစသည်ဖြင့် မိန့်ဆို

ဘွယ် မရှိသည့်အဖြစ်သည်။ ဘဝေ၊ ဖြစ်ရာ၏ဟု ဆိုသည်ကိုလည်း ထောက်က ကမ္ဘာစဉ်ဆက်၌ ဖြစ်သည် ပျက်သည်ဟူ၍မရှိ၊ နိစ္စ, ဓုဝ, သဿတအားဖြင့် အမြဲထာဝရ တည်၍နေသော အကြောင်း ဖြစ်သော ပရမတ် အသင်္ခတနိဗ္ဗာန်ကို အာရုံပြု၍ ရုပ်, နာမ်, ခန္ဓာ, ကိလေသာတို့၏ ချုပ်ဆုံးကုန်ခန်းခြင်း အဘာဝအဖြစ်သို့ ရောက် ခြင်းကို အကျိုးဖြစ်သော ပညတ်အသင်္ခတနိဗ္ဗာန်ဟူ၍ မခေါ်နိုင်။

အဘယ်ကြောင့်နည်းဟူမူ၊ချုပ်ဆုံးကုန်ခန်းခြင်းအဘာဝမျှသည် နိဗ္ဗာန်မဟုတ်သောကြောင့်တည်း။ ထိုသို့ အကျိုးဖြစ်သော ပညတ် အသင်္ခတနိဗ္ဗာန်ဟူ၍လည်းမခေါ်နိုင်က ကမ္ဘာစဉ်ဆက်၌ ဖြစ်သည် ပျက်သည်ဟူ၍မရှိ၊ နိစ္စ, ဓုဝ, သဿတအားဖြင့် အမြဲထာဝရတည်၍ နေသော အကြောင်းဖြစ်သော ပရမတ်အသင်္ခတနိဗ္ဗာန်ကို အဘယ် မှာ အကြောင်းဖြစ်သော အသင်္ခတနိဗ္ဗာန်ဟုခေါ် နိုင်ပါမည်နည်း၊ (ဝါ)ရှိနိုင်ပါမည်နည်း။

ထိုသို့ပရမတ်အသင်္ခတနိဗ္ဗာန်ဟုမခေါ်နိုင် မရှိက ထိုနိဗ္ဗာန် မရှိ တော့ဘူးဟုဆိုရလိမ့်မည်။အဘယ်ကြောင့်နည်းဟူမူ ရုပ်,နာမ်,ခန္ဓာ တို့ကို အနိစ္စ,ဒုက္ခ,အနတ္တာလို့ ကြိမ်ဖန်များစွာစီးဖြန်း၍ ဥဒယဗ္ဗယ စသောဉာဏ် ထင်မြင်ပါအုံးတော့ ကမ္ဘာစဉ်ဆက်၌ ဖြစ်သည်-ပျက် သည်ဟူ၍မရှိ နိစ္စ,ဓုဝ, သဿတအားဖြင့် အမြဲထာဝရတည်၍နေ သော အကြောင်းဖြစ်သော ပရမတ်အသင်္ခတနိဗ္ဗာန်ကို အာရုံပြု၍ ရုပ်,နာမ်,ခန္ဓာတို့၏ချုပ်ဆုံးကုန်ခန်းခြင်းအဘာဝအဖြစ်သို့ ရောက် ခြင်းဟု ဆိုအပ်သော အကျိုးဖြစ်သော ပညတ်အသင်္ခတနိဗ္ဗာန် ဖြစ်နိုင်ပါမည်လား၊အဘယ်ကြောင့်နည်းဟူမူ ရုပ်,နာမ်,ခန္ဓာတို့ကို အနိစ္စ,ဒုက္ခ,အနတ္တထင်မြင်ကာမျှဖြင့်ကမ္ဘာစဉ်ဆက်ဖြစ်သည်-ပျက် သည်ဟူ၍မရှိ၊ နိစ္စ,ဓုဝ,သဿတအားဖြင့် အမြဲထာဝရတည်၍နေ သော အကြောင်းဖြစ်သော ပရမတ် အသင်္ခတ နိဗ္ဗာန်ကမှမရှိဘဲ

ထိုနိဗ္ဗာန်ကိုနိစ္စ,သုခ,အနတ္တာဟုမထင်မမြင်နိုင်၊သို့မဟုတ်ကရုပ်,နာမ် ခန္ဓာတို့ကို အနိစ္စ, ဒုက္ခ,အနတ္တာဟု စီးဖြန်းလိုက်ပြီးနောက် ကမ္ဘာ စဉ်ဆက်၌ ဖြစ်သည်-ပျက်သည် ဟူ၍မရှိ နိစ္စ,ဓုဝ,သဿတအားဖြင့် အမြဲထာဝရ တည်၍နေသော အကြောင်းဖြစ်သော ပရမတ် အသင်္ခတ နိဗ္ဗာန်ကိုလည်း နိစ္စ,သုခ,အနတ္တာဟု စီးဖြန်းလိုက်သို့လဲ ကမ္ဘာစဉ်ဆက်၌ ဖြစ်သည်-ပျက်သည်ဟူ၍မရှိ၊နိစ္စ, ဓုဝ, သဿတ အားဖြင့် အမြဲထာဝရ တည်၍နေသော အကြောင်းဖြစ်သော ပရမတ် အသင်္ခတနိဗ္ဗာန်ကို နိစ္စ, သုခ, အနတ္တာဟု မထင်မမြင်နိုင်၊ ဤလိုဤလိုအလုပ်ခွင်အလုပ်စခမ်းမှာမထင်မမြင်နိုင်က အကြောင်း ဖြစ်သော ပရမတ် အသင်္ခတနိဗ္ဗာန်ကို အာရုံမပြုနိုင်မရှိနိုင်၍ ရုပ်, နာမ်,ခန္ဓာတို့၏ ချုပ်ဆုံးကုန်ခန်းခြင်း၊ အဘာဝအဖြစ်သို့ ရောက် ခြင်းဟု ဆိုအပ်သော ပညတ် အသင်္ခတနိဗ္ဗာန်လည်း မဖြစ်နိုင် ရှိလည်း မရှိနိုင်ပါသောကြောင့် ထိုအကြောင်းဖြစ်သော ပရမတ် အသင်္ခတနိဗ္ဗာန်မရှိ ။ ကောန်ဆိုနိုင်သည့်အပြင်၊

> ယဒိအရူပေ နိရောဓံ သမာပဇ္ဇေယျ၊စိတ္တ စေတသိကာနံ အညာဏ ကဿစိ အဘာဝတော အပညတ္တိကော ဘဝေ ယျ၊ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတ သဒိဘာ။ (ဝိသုဒ္ဓိမဂ်ဋီကာ)

အရူပေ၊ အရူပဘုံ၌။ နိရောဓံ၊ နိရောဓသမာပတ်ကို။ ယဒိသမာ ပဇ္ဇေယျ၊ အကယ်၍ ဝင်စားငြားအံ့။ စိတ္တ,စေတသိကာနဥ္စ၊ စိတ်, စေတသိက်တို့၏ငှင်း။ အညာဿ တပါးသော။ ကဿစိ၊ တစုံတခု သော ရုပ်, နာမ်, ခန္ဓာ၏ငှင်း။ အဘာဝတော၊ မရှိခြင်းကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသာ၊ပရိနိဗ္ဗာန်စံ၍ နေသည်နှင့်တူသည်ဖြစ်၍။ အပညတ္တိကော၊ ဘယ်လိုဘယ်ပုံဘယ်သို့

သော အခြင်းအရာဟု ပညတ်နိုင်ဘို့ရာမရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏ဟု မိန့်ဆို၏။

အစိပ္ပါယ်ကား၊ အရူပဘုံ၌ အရူပပုဂ္ဂိုလ်သည် အရူပနိရောဓသမာပတ်ကို ဝင်စားနေသည့်အခါမှာ ရုပ်,နာမ် ၂-ပါးစုံ လုံးလုံးမရှိခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံနေသည်နှင့် တူသည်ဖြစ်၍ ဘယ်လို,ဘယ်ပုံ, ဘယ်သို့သောအခြင်းအရာဟု ပညတ်နိုင်ဘို့ရာမရှိ၊ မပညတ်နိုင်ဟု ဆိုနိုင်ရိုးမျှမက။

**သောဝေဒနာ ပရိညာယ ဒိဋ္ဌေဓမ္မေ အနာသဝေါ။**
**ကာယဿဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။ ။**

(သံယုတ်ပါဠိတော်)

သော၊ ထိုဝေဒနာကမ္မဋ္ဌာန်းကို အားကုတ်သော ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ သုံးပါးသော ဝေဒနာတို့ကို။ ပရိညာယ၊ အပိုင်သိ၍။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်သောဘဝ၌။ အနာသဝေါ၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်၏။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္ဘဇရုပ်ချုပ်ဆုံးသည်မှ။ ပရံ၊ နောက်၌။ ဓမ္မဋ္ဌော၊နိဗ္ဗာန်၌တည်သော။ သောဝေဒဂူ။ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သင်္ချံ၊ ခေါ်ဝေါ်စရာ တစုံတခုအဖြစ်သို့။ နောပေတိ၊ မရောက် -ဟု ဟောတော်မူရကား၊ ရုပ်,နာမ် ခန္ဓာတို့၏ ချုပ်ဆုံးကုန်ခန်းခြင်း အဘာဝအဖြစ်သို့ရောက်ခြင်းဟုဆိုအပ်သော ပညတ်အသင်္ခတ နိဗ္ဗာန်ဟူ၍လည်း မခေါ်နိုင်။ ထိုကြောင့်၊

အသင်္ခတဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ၊ ယသ္မာ
ပနေတံ အာဂမ္မ ရာဂ ါဒယော ခိယန္တိ၊တသ္မာ ရာဂက္ခယော
ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

(အနက်ကိုအလိုရှိက၊ ဤကျမ်း၏ တနေရာမှာ ကြည့်) ဤ၌ တော်အာဂမ၏အရ နိဗ္ဗာန်မှာ ဤနိဗ္ဗာန်မဟုတ်။ ထိုပြင်၊

ယော ခေါ အာဝုသော ရာဂက္ခယော တိ နိဗ္ဗာနံ
အာဂမ ရာဂ ါ ခိယတိ၊ တံသ္မာ နိဗ္ဗာနံ ရာဂက္ခယောတိ
ဝုစ္စတိ။ ဒေါသ,မောဟက္ခယေသုပိ သေဝနယော။
(သံယုတ်အဋ္ဌကထာ)

(အနက်ကိုအလိုရှိက၊ ဤကျမ်း၏ တနေရာမှာကြည့်)။

ဤ၌၊ နိဗ္ဗာနံ အာဂမ၏အရနိဗ္ဗာန်မှာ ဤနိဗ္ဗာန် မဟုတ်ဟု သိအပ်၏။ ဤအယူမျိုးကို ဓမ္မပဒဋီကာရေး ရေစကြိုဆရာတော် ဦးဝရသမ္ဘော၊ အကုံရဋီကာရေး တလိုင်းကုန်း ဆရာတော် ဦးဝိမလ၊ သမုပ္ပါဒနိရောဓရေး အသျှင်တိက္ခိန္ဒြိယစသောဆရာတော် တို့လည်း အယူရှိကြကုန်၏။ ထိုပြင် နေယျပုဂ္ဂိုလ် မထင်မြင်နိုင် သော နိဗ္ဗာန်ဝါဒလည်း အများကြီးရှိကြသေးသည်။

## နေယျပုဂ္ဂိုလ် ထင်မြင်နိုင်သော နိဗ္ဗာန်အတု

အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို ထင်မြင်သည် ထင်မြင်သည် ဟု ဆိုသော်လည်း အစစ်၏အမည်မဟုတ်၊ အစစ်နှင့်ထပ်တူ မခြား မနား (တထေဝ)တည်း အတု၏အမည်သာတည်း။ အဘယ်ကြောင့် နည်းဟူမူ ယောဂီပုဂ္ဂိုလ်ဟု ဆိုအပ်သော မိမိသည် ရဟန္တာဖြစ် သောအခါ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်,နာမ် ခန္ဓာတို့၏ နောက်ထပ်နောက်ထပ်မဖြစ်ပေါ်သော သဘောရှိသော အနုပါဒိ သေသ ခန္ဓပရိနိဗ္ဗာန်အစစ်က စုတိနောက်မှဖြစ်မည် ဖြစ်သော ကြောင့် ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်စွမ်းက နိဗ္ဗာန်အစစ်ကို မထင်မမြင်နိုင်ဘဲ ထိုနိဗ္ဗာန်အစစ်နှင့်ထပ်တူမခြားမနား(တထေဝ) တည်း အတုကိုသာ ထင်မြင်ရလေသည်။

ဥပမာ၊ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့အနက် မျက်စိဖြင့်မြင်ပြီးသော ပထဝီကသိုဏ်းအစရှိသော ပရိကမ္မနိမိတ် အစစ်ကို မျက်စိဖြင့်မကြည့်ဘဲ အသားလွှတ်(တဘော)တည်းထင် မြင်ရသလို ထင်မြင်ရသော ပထဝီကသိုဏ်းအစရှိသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်အာရုံမှာ အစစ်ဖြစ်သော အာရုံမဟုတ် အစစ်နှင့် မခြားမနား (တထေဝ)တည်း အတု ထင်မြင်လာသော ပထဝီ ကသိုဏ်းအစရှိသောဥဂ္ဂဟနိမိတ်ပဋိဘာဂနိမိတ်အာရုံကိုသာ ထင် မြင်ရသကဲ့သို့ရင်း။ ထိုပြင်အာကာသာနဉ္စာယတန၏ ကသိဏုဂ္ဃာဋိမာကာသ ဝိညာဏဉ္စာယတန၏ဝိညာဏာနဉ္စ အာကိဉ္စညာယတန ၏ ပထမာရုပ္ပဝိညာဏာဘာဝ နေဝသညာ နာသညာယတန၏ နေဝသညာ နာသညအာရုံမှာ အစစ်ဖြစ်သောအာရုံပဟုတ်၊အစစ် နှင့်မခြားမနား(တထေဝ)တည်း အတုဖြစ်သောအာရုံကိုသာ ထင် မြင်ရကဲ့သို့ရင်း။ မရဏာသန္နအခါ မနောဒွါရဝီထိ၌ ထုတ်,လုံကန်, ဒါး, လှံ, လေး,မြှား,ကျောင်း,ဘုရား,စေတီ, ဆွမ်း, သင်္ကန်း, ထီး, တန်ခွန်, ပန်းမာလ်အစရှိသော ဖြစ်ခဲ့ပြီးသော ကမ္မနိမိတ် အမိ ဝမ်းရေ, ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ, ခွေးနက်ကြီး,နတ်သွီးဗိမာန် ပဒေသာပင် အစရှိသော ဖြစ်လတ္တံ့သော ဂတိနိမိတ်အာရုံမှာ အစစ်ဖြစ်သော ကမ္မနိမိတ် ဂတိနိမိတ်အာရုံမဟုတ်။ အစစ်နှင့် မခြားမနား(တထေဝ)တည်း တုသော အတုဖြစ်သော ကမ္မနိမိတ် ဂတိနိမိတ်ကိုသာ ထင်မြင်ရသကဲ့သို့ရင်းတည်း။ ဤသို့ထင်မြင်လာ ရက အစစ်နှင့် မခြားမနား(တထေဝ)တည်း အတုထင်မြင်လာရ ကုန်သော ရုပ်,နာမ် ခန္ဓာတို့၏ အနိစ္စ, ဒုက္ခ,အနတ္တဟု ဆိုအပ်ကုန် သော လက္ခဏာတို့ကို မထင်မမြင်တော့ပြီ။ ဤသို့မထင်မမြင်ရ တော့မှ အစစ်နှင့် မခြားမနား (တထေဝ)တည်း အတုဖြစ်သော

အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကိုသာ ထင်မြင် နေရ တော့သည်။ ဤလို တထင်တည်း တမြင်တည်းထင်မြင်နေက။

**မဟာပုည ကြိယာဝဇ္ဇာ၊ ဘိညုတ္တရဿ နိဗ္ဗာနံ။**
**အာရမ္မဏာ မဓိပ္ပတိ၊ ဥပနိဿယတော တိဓာ။ ။**
(ပစ္စယတ္တုပကာသနီ)

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ မဟာပုညကြိယာဝဇ္ဇာ၊ ဘိညုတ္တရဿ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ မနောဒွါရာဝဇ္ဇန်းတစ်၊ အဘိညာဉ်ဒွေး၊ လောကုတ္တရာစိတ် ၈-ခုအား။ ယထာရဟံ၊ ထိုက်သင့်သည်အားလျော်စွာ။အာရမ္မဏာ မဓိပ္ပတိဥပနိဿယတော၊အာရမ္မဏပစ္စည်း,အာရမ္မဏာဓိပ္ပတိပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်းဖြင့်။ တိဓာ၊ သုံးပါးအပြားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏”ဟု မိန့်ဆိုသည့်အတိုင်း ယောဂီပုဂ္ဂိုလ်ဟုဆိုအပ်သော မိမိသည်ရဟန္တာဖြစ်သောအခါ ထို ရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်,နာမ်ခန္ဓာတို့၏ နောက်ထပ် နောက်ထပ်မဖြစ်ပေါ်သောသဘောရှိသော မိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်အစစ်နှင့် မခြားမနား(တသဝေ)တည်း အတုထင်မြင် လာသော မိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာက မနောဒွါရာဝဇ္ဇန်းတစ် မဟာကုသိုလ် ဉာဏ သမ္ပယုတ် ၄-ခု၊ သောတာပတ္တိမဂ်စိတ်တခုအားအာရမ္မဏပစ္စည်း, အာရမ္မဏာဓိပ္ပတိပစ္စည်း, အာရမ္မဏူပ နိဿယပစ္စည်း တပ်ရကား သောတာပတ္တိမဂ်စိတ်ကသည် (၁) ဒုက္ခသစ္စာဖြစ်သော လောကီ စိတ် ကောသိတိ, လောဘကြဉ်သော စေတသိက် ကေပညာသ, ရုပ်အဋ္ဌဝီသတို့ကို အကုန်လုံးသိမြင်ခြင်း။

(ဤ၌ အဘိဓမ္မာ မျက်ဆန်ကျယ်ဟူသော အမည်နှင့် လျော်အောင် သောတာပတ္တိမဂ်၏ ဉာဏ်အမြင်ရှိသည့်အတိုင်း အကျယ် အသေးစိပ်

ရေးလိုသော်လည်း ပထမအကြိမ်ပုံနှိပ်ခြင်း၌ စာမျက်နှာများနေမည်ကို စိုးရိမ်ပါ၍ မရေးလိုက်ဘဲထားရသည်၊ သို့သော်လည်း ဒုတိယအကြိမ် ပုံနှိပ်မည့်မှုကိုမျှော်ပါဦး။)

(၂) သမုဒယသစ္စာဟု ဆိုအပ်သော တဏှာ လောဘကိုပယ်ခြင်း။ အကျယ်နောက်၌ ထင်ရှားလတ္တံ့။

(၃) ယခင်နိရောဓသစ္စာဟုဆိုအပ်သော နိဗ္ဗာန်မျက်မှောက်ပြုသောအားဖြင့် ဆိုက်ရောက်ခြင်း။

(ယခင်နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်ဆိုသည်ကား နေ့ယျပုဂ္ဂိုလ် ထင်မြင်နိုင်သော နိဗ္ဗာန်အတုပင် ဖြစ်သည်။)

(၄) မဂ္ဂသစ္စာဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သမ္မယုတ်ဖြစ်သော ၇-ပါးသော မဂ္ဂင်တရားတို့ကို သဟဇာတအစရှိသော ပစ္စည်းဖြစ်၍ ပွားများစေခြင်း။

(ဤ၌၊ မဂ္ဂသစ္စာတို့၌ သမာဒိဋ္ဌိမဂ္ဂင်တခုပင် အလွန်ကျယ်ပြန့်လျက်ရှိနေရကား၊ပထမအကြိမ်ပုံနှိပ်ခြင်း၌မဆည့်နိုင်တော့ပြီ)။ထိုတွင်၊ဤ၌-

## အာဇီဝဋ္ဌမကသီလ

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ကို သမ္မာအာဇီဝလျှင် ၈-ခုမြောက်သော သီလဖြစ်သောကြောင့် ဤသီလကို အာဇီဝဋ္ဌမကသီလဟုခေါ်သည်။ ထိုသီလကို မင်္ဂကိုရသည်နှင့် တပြိုင်နက် သမုစ္ဆေဒဝိရတီဖြစ်သဖြင့် (ခံယူနေရန်မလို) ရှောင်ကြဉ်တဲ့အခါမှာလည်း သမ္ပတ္တဝိရတီ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး သီလတို့ကို ခံယူတဲ့အခါမှာလည်း သမာဒါနဝိရတီ အစစ်ဖြစ်နိုင်သည်။ ပုထုဇဉ်တို့မှာမူကား ဤသီလကို ခံယူလို့တော့မရ၊ နဝင်

သီလဥ္စ ၈-ပါးသီလကိုခံယူပြီးနောက်။ **မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ"** ဟု မဆိုဘဲ စိတ်ထည်းက မေတ္တာစိတ်ထားလိုက်လျှင် နဝင်္ဂ သီလ အလိုအလျောက်ရနိုင်သလို၊ ၅-ပါး၊ ၈-ပါး၊၁၀-ပါးသီလ တို့ကိုခံယူလိုက်သောအခါ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ အစရှိသည်ဖြင့် ဆိုသည်နှင့်တပြိုင်နက် စိတ်ထည်းက ထိုဆိုလိုက်သောသိက္ခာပုဒ်၏အနက်အဓိပ္ပါယ်ကို သိရှိနားလည်၍ ခံယူနိုင်ပါက ကာမာဝစရဉာဏသမ္ပယုတ် ကုသိုလ်နှင့်ယှဉ်သော အာဇီဝဋ္ဌမကသီလကို မခံယူရဘဲနှင့် အလိုအလျောက်ရရှိနိုင်၏။

(ခံယူလို့တော့ မရနိုင်။) သမ္မတ္တပိရတီမှာမူ ဖြစ်နိုင်-မဖြစ်နိုင်ရန်ကတော့ ဤပြဇာတ်ဆရာတို့၏စကားကို မှတ်သားနိုင်ရာ၏။

## ပြဇာတ်ဆရာတို့၏ စကား

ပါဏာတိပါတာ ဝေရမဏိ ပရွက်ဆိတ်ကလေးကို မြင်လျှင် ရှောင်ကြဉ်ပါ၏။ အရှင်မရှိဘဲ ကြက်,ဝက်,ဘဲနှင့် သမင်,ဒရယ်, ဂျီယယ်,စိုင်,ဆပ်,ဖွတ်,ပဒတ်တို့ကို မြင်ရတော့၊ အလဲ၊(ဟဲဟဲ)သွား ရေထွက် နှက်မိပါ၏။

(ဤဥ္စအချိုသူများက ပရွက်ဆိတ်, ခြင်ကလေးတောင် ရှောင်နိုင် တာလဲရှိသေးသည့်အပြင်။ အရှင်မရှိတဲ့ ကြက်,ဝက်စသည်တို့ကို ရှောင် ကြဉ်နိုင်တဲ့သူများလဲ ရှိနိုင်ပါသေးသည်။)

အဒိန္နာဒါနာဝေရမဏိ၊ ဈေးဆိုင်မှ ကျနေရစ်တဲ့ ခြေနင်းပတ် ငြုတ်သီးကြက်သွန်ကလေးတို့ကိုမြင်လျှင်ရှောင်ကြဉ်ပါ၏။ ခဲ,ဆယ် ရာ,ထောင်, သောင်း, သိန်း, သန်း,ကုဋေဖြစ်သော ရွှေ,ငွေစသော အဘိုးထိုက်တန်သော ဘဏ္ဍာတို့ကို တွေ့မြင်လိုက်ရတော့ အလဲ (ဟဲဟဲ)သွားရေထွက် နှက်မိပါ၏။

( ဤ၌ အချို့လူများက ခြေနင်းပတ် ဖြုတ်, ကြက်သွန်လောက်မှ အသုံးမကျသော အရာဝတ္ထုကလေးလောက်တောင် မရှောင်ကြဉ်နိုင်တာလဲ ရှိကြသေးသည့်အပြင်၊ ခု, ဆယ်, ရာ, ထောင်စသော အဘိုးထိုက်တန်သော ဘဏ္ဍာတို့ကို ရှောင်ကြဉ်နိုင်တဲ့ သူများလဲ ရှိနိုင်ပါသေးသည်။ )

ကာမေသုမိစ္ဆာစာရာဝေရမဏီ၊ သွားကျိုး, ဆံဖြူ အမယ်ကြီး အိုကိုမြင်လျှင် ရှောင်ကြဉ်ပါ၏။ ချစ်စရာကောင်းတဲ့ လုံးကြီးပေါက်လှ ပျိုဖြူ မြီးကောင်ပေါက်စကို မြင်ရတော့ အလဲ့ (ဟဲဟဲ) သွားရေထွက်နှက်မိပါ၏။

(ဤ၌ အချို့မြီးကောင်ပေါက်စ လှုံ့ကလေးတို့ကမှ အချို့အပျိုစစ်ကို လှည့်ရတာက အချို့ အမယ်အို, ကနယောင်, မုဆိုးမတို့ကို လှည့်ရသလောက် မလွယ်ကူဘူး ဆိုနေကြ၏။ အချို့ အမယ်အိုတို့ကမူကား လူရှိတဲ့အခါ တယ်ဒီကောင်ကလေး ရုပ်ပါကံလားဟု ပြုံးစိစိပြောဆိုသော ဟူ၏။ ထိုကြောင့် ပုထုဇဉ်တို့၏စရိုက် အလိုက် အကြိုက်နှင့် တွေ့မှဖြင့် ဟီး-ဟဲး-တီးလိုက်တဲ့ လူချည်းဘဲ။ သို့သော်လည်း ချစ်စရာအလွန်ကောင်းတဲ့ လုံးကြီးပေါက်လှပျိုမြူ မြီးကောင်ပေါက်စ ကလေးကိုပင် ရှောင်ကြဉ်နိုင်တဲ့ အချို့ယောကျ်ားများလည်း ရှိကြပါသေးသည် ဖြစ်၍ သမ္ဗန္ဓဝိရတီမှာ အသေအချာ မပြောနိုင်။

ဤလေးပါးသော ကိစ္စတို့ကို မဂ်ကပြီးစေနိုင်သည်။ ထိုနောက် ယောဂီပုဂ္ဂိုလ်ဟု ဆိုအပ်သော မိမိသည် ရဟန္တာ ဖြစ်သောအခါ၊ ပဲ့ရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်,နာမ်,ခန္ဓာတို့၏ နောက်ထပ်နောက်ထပ် မဖြစ်သော သဘောရှိသော မိမိ၏ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်အစစ်နှင့် မခြားမနား(တထေဝ)တည်း အတုထင်မြင်လာသော မိမိ၏ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်စိတ် ၂-ကြိမ်, ၃-ကြိမ်ဖြစ်၍ ချုပ်လေသည်။ ထိုနောက်၊

## ပစ္စဝေက္ခဏာ

**မဂ္ဂံ,ဖလဉ္စ,နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။**
**ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။**

ပဏ္ဍိတော၊ ပညာရှိသော အရိယာပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မဂ်ကိုင်း။ ဖလဉ္စ၊ ဖိုလ်ကိုင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေ၊ ကိလေသာတို့ကိုင်း။ သေသေ၊ ပယ်အပ်ပြီးသည်မှ ကြွင်းကုန်သော။ ကိလေသေ၊ ကိလေသာတို့ကိုင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်သည်လည်းရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်သည်လည်းရှိ၏ဟု မိန့်ဆိုသည်နှင့်အညီ မဂ်ကိုင်း, ဖိုလ်ကိုင်း, နိဗ္ဗာန်ကိုင်း, ပယ်အပ်ပြီးသော ကိလေသာ ကြွင်းကျန်သေးသော ကိလေသာတို့ကိုင်း ဆင်ခြင်ရလေသည်။ ဤသို ဆင်ခြင်ရသော်လည်း အစစ်မဟုတ် အစစ်နှင့်မခြားမနား(တထေ၀)တည်း အတုပင်ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ မဂ်စိတ်, ဖိုလ်စိတ်က ဥပါဒ်, ဌီ, ဘင် အနေအား ဖြင့် ချုပ်၍သွားပြီး နိဗ္ဗာန်အစစ်ကလည်း မပေါ်ရသေး ပယ်အပ်ကုန်ပြီးသော ကိလေသာတို့မှာလည်း ဝီတိက္ကမ ကိလေသာလည်း မဟုတ်၊ ပရိယုဋ္ဌာနကိလေသာလည်း မဟုတ်။ စင်စစ်သော်ကား အနုသယကိလေသာပင်တည်း။

ထိုအနုသယကိလေသာက ပစ္စုပ္ပန်,အတိတ်,အနာဂတ်တို့တွင် ပစ္စုပ္ပန်ဖြစ်သော ကိလေသာမှာလည်းဖြစ်ဆဲမရှိ။အတိတ်ဖြစ်သော ကိလေသာမှာလည်း ဖြစ်ပြီးပြီ။ အနာဂတ်ဖြစ်သော ကိလေသာ မှာလည်း ဖြစ်လတ္တံ့သာဖြစ်သည်။ ဤသို့ဖြစ်လျှင် ဘယ်က ကိလေသာကို ပယ်ပါသနည်းဟူမူ။

**သဝါသန သကလ သံကိလေသာန၊**
**မနဝ္စဏ္ဍ္ဌမနုပ္ပါဒဓမ္မတာပါဒနံ ပဟာနသမ္ပဒါ။**
**(ဋီကာကျော်)**

သဝါသနသကလသံကိလေသာနံ၊ ဝါသနာနှင့်တကွ ဖြစ်ကုန်သော ကိလေသာတို့၏။ အစ္စန္တံ၊ စင်စစ်။ အနုပ္ပါဒဓမ္မတာပါဒနံ၊ နောင်တဖန် မဖြစ်ခြင်းသဘောသို့ ရောက်စေခြင်းသည်။ မဟာနသမ္ပဒါ၊ ပဟာနသမ္ပဒါမည်၏ဟု ဆိုရကား နောင်တဖန် မဖြစ်စေခြင်းသဘောရှိသော ကာလဝိမုတ်ဖြစ်ကုန်သော ကိလေသာတို့သာတည်း။ ပယ်အပ်ကုန်ပြီးသည်မှ ကြွင်းကုန်သော ကိလေသာတို့မှာလည်း ထိုအတူ ကာလဝိမုတ် ဖြစ်ကုန်သော ကိလေသာတို့သာတည်း။

(ဤ၌ သောတာပန် ဖိုလ်ပုဂ္ဂိုလ်သည် မဂ်ကိုင်း၊ ဖိုလ်ကိုင်း၊ နိဗ္ဗာန်ကိုင်း၊ပယ်အပ်ပြီးကိလေသာ-မပယ်အပ်သေးသော ကိလေသာတို့ကိုင်း ဆင်ခြင်နိုင်သည်ဆိုသည်မှာ အစစ်မဟုတ် အစစ်နှင့် မခြားမနား(တတော၀)တည်း အတုပင်ဖြစ်၏။

ဖြစ်ပုံမှာ မဟဂ္ဂုတ်ကို ကေန်အာရုံပြုသော ဝိညာဏဉ္စာယတန စိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု ပေါင်း ၆-ခုသောစိတ်တို့တွင် ဝိညာဏဉ္စာယတနစိတ်က "ဝိညာဏံအနန္တံ ဝိညာဏံအနန္တံ" ဝိညာဏံ၊ပထမာရုပ္ပဝိညာဏ်ဖြစ်သောအာကာသာနဉ္စာယတနစိတ်သည်။ အနန္တံ၊ ဥပါဒ်, ဌီ, ဘင် အားဖြင့် အပိုင်းအခြားမရှိ၊အပိုင်းအခြားမရှိဟုစီးဖြန်းတော့ ထိုအာကာနဉ္စာယတနစိတ်၌ ဥပါဒ် အပိုင်းအခြား၊ ဌီ အပိုင်းအခြား၊ ဘင် အပိုင်းအခြား မရှိရတော့၊ဝိညာဏဉ္စာယတနဈာန်စိတ်အစစ်မှာ ဥပါဒ်, ဌီ,ဘင် အပိုင်းအခြား မရှိရတော့ဘူးလားဟုဆိုလျှင် ဘာနေမလဲ ရှိရမှာပေါ့၊ ထိုသို့ ရှိရမှာ ဧကန်ဖြစ်နေတော့ "ဝိညာဏံအနန္တံ ဝိညာဏံအနန္တံ"

ဝိညာဏံ၊ ပထမာရုပ္ပဝိညာဏ်ဖြစ်သော အာကာသာနဉ္စာယတန စိတ်သည်။ အနန္တံ၊ ဥပါဒ်, ဋ္ဌီ, ဘင် အပိုင်းအခြားမရှိဟုဆို၍ ဝိညာဏဉ္စာယတနဈာန်ကို ရခြင်းမှာ အစစ်ဖြစ်သော အာကာသာနဉ္စာယတနစိတ်မဟုတ်၊ အစစ်နှင့်မခြားမနား (တထေဝ)တည်း အတုဖြစ်သော အာကာသာနဉ္စာယတနစိတ်သာတည်း။ နေဝသညာနာသညာယတနစိတ်၌လည်း ဤနည်းအတိုင်းသာတည်း။ ထိုနောက်၊

## ဖလသမာပတ်

ယောဂီပုဂ္ဂိုလ်ဟုဆိုအပ်သော မိမိသည် ရဟန္တာဖြစ်သောအခါ ထိုရဟန္တာ၏ စုတိဘင်ခဏနောင် ရုပ်,နာမ်,ခန္ဓာတို့၏ နောက်ထပ် နောက်ထပ်မဖြစ်သော သဘောရှိသော နိစ္စ,သုခ,အနတ္တာဖြစ်သော မိမိ၏ အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်အစစ်နှင့်မခြားမနား (တထေ) တည်း အတုထင်မြင်လာသော နိစ္စ,သုခ,အနတ္တာဖြစ်သော မိမိ၏ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို အာရုံပြုလိုက်ရဘူးတော့ အနိစ္စ, ဒုက္ခ, အနတ္တာဖြစ်သော တေဘူမက သင်္ခါရ ရုပ်, နာမ်, ခန္ဓာတို့ကို မကြည့်ချင်-မမြင်မကြားချင်တော့ပြီ၊ နိစ္စ, သုခ, အနတ္တာဖြစ်သော မိမိ၏ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကိုသာ အာရုံပြုလိုတော့သည် ဖြစ်ရကား။

သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတောဝိယ။
ဝီထိနိယမော နတ္ထီတိကတွာ ဗဟူနိပိ လဗ္ဘန္တီတိ။
(အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ)

သဗ္ဗတ္ထာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သမာပတ္တိဝီထိယံ၊ ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌။ ဘဝင်္ဂသောတောဝိယ၊

ဘဝင်၏အယဉ်ကဲ့သို့။ ဝီထိနိယမော၊ ဝီထိကိုမှတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာတိကတ္တာ-ဉာတိတသ္မာ၊ ထိုကြောင့်။ ဗဟူနိပိ၊ များစွာသော အပ္ပနာဇောတို့ကိုလည်း။ လဗ္ဘန္တိ၊ ရကုန်၏။ ဉာတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏ဟု မိန့်ဆိုသည်နှင့်အညီ အကြိမ်ပေါင်းများစွာသော ဖလသမာပတ်တို့ကို ဝင်စား၍ နိစ္စ, သုခ, အနတ္တဖြစ်သော မိမိ၏အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို အစစ်နှင့် မခြားမနား(တထေဝ)တည်း အဟုဖြစ်သော အာရုံကို အာရုံပြုလေသည်။ ထိုကြောင့် ငါတို့ မြတ်စွာဘုရား သခင်သည် နေ့ရှိသမျှကာလပတ်လုံး နေ့စဉ်နှင့်အမျှ တနေ့ဟနေ့လျှင် ကုဋေ တသန်းနှစ်သိန်းကုန်သော အရဟတ္တဖိုလ် သမာပတ်ဇောတို့ကို ဝင်စားတော်မူသည့်အပြင်၊

**နာဟု အဿာသ ပဿာသော၊ ဌိတစိတ္တဿ တာဒိနော၊**
**အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။**
(သုတ်မဟာဝါပါဠိတော်)

ယံယောမုနိ၊ အကြင် ငါတို့ဆရာ မြတ်စွာဘုရားသခင်သည်။ အနေဇော ၃၁-ဘုံဝယ် အဘယ်အတာ တဏှာကင်းသည်ဖြစ်၍။ ဝါ၊ တဏှာကင်းခြင်းကြောင့်။ သန္တိံ ဂမိဿာမိတိ၊ အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်သို့ ကြွသွားတော့အံ့ဟူ၍။ (ထည့်။) သန္တိံ၊ အနုပါဒိသေသခန္ဓပရိဗ္ဗာန်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝါ၊ စွဲလမ်းရည်တော်မူ၍။ ကာလံ၊ ပရိနိဗ္ဗာန်စံခြင်းကို။ အကရိ၊ ပြုတော်မူလေပြီ။ ဌိတစိတ္တဿ၊ တည်ကြည်သောစိတ် ရှိတော်မူသော။ တာဒိနော၊ ထိုငါတို့ဆရာမြတ်စွာဘုရားသခင်အား။ (ဝါ)၏။ အဿာသပဿာသော၊ ထွက်သက်ဝင်သက်သည်။ နာဟု၊ ယာ့အခါ၌ မရှိတော့ပြီဟု အသျှင်အနုရုဒ္ဓါမထေရ်မြတ် အမိန့်ရှိသည့်အတိုင်း မြတ်စွာဘုရားသခင်သည် နိစ္စ,သုခ,အနတ္တအစစ်ဖြစ်သော

အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်သို့ မစံမိကလေး အတောအတွင်းဖြစ်သောမရဏာသန္နဇောကာလကလေးမှာပင်။ဝါ။ထိုနိစ္စ,သုခ,အနတ္တအစစ်ဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်နှင့် မခြားမနားအဘုဖြစ်သော နိစ္စ,သုခ,အနတ္တဖြစ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို စွဲလမ်းရည်ရော်တော်မူသေးသည်။ (ဝါ) အာရုံပြုတော်မူသေးသည်။

## အထက် မဂ်,ဖိုလ်

သောတာပတ္တိ မဂ်, ဖိုလ်ကို ရလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ရူပက္ခန္ဓော အနိစ္စံ, ဒုက္ခံ, အနတ္တာ။ ဝိညာဏက္ခန္ဓော အနိစ္စံ, ဒုက္ခံ, အနတ္တာ။ ဝေဒနာက္ခန္ဓော အနိစ္စံ, ဒုက္ခံ, အနတ္တာ။ သညာက္ခန္ဓော အနိစ္စံ, ဒုက္ခံ, အနတ္တာ။ သင်္ခါရက္ခန္ဓော အနိစ္စံ, ဒုက္ခံ, အနတ္တာဟု ကြိမ်ဖန်များစွာ စီးဖြန်းဘော့ ဥဒယဗ္ဗယဉာဏ်စသော ဉာဏ် ၁၀-ပါးဖြစ်ပြီးနောက် သောတာပတ္တိမဂ်ဖြစ်ပြီးလျှင် ထိုသောတာပတ္တိမဂ်က –

(၁) ဒုက္ခသစ္စာကို ပိုင်းခြားရှုသိခြင်း။ (၂) သမုဒယသစ္စာကိုပယ်ခြင်း။ (၃) ယခင်နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ဆိုက်ရောက်ခြင်း။ (၄) မဂ္ဂသစ္စာကို ပွားများခြင်း။ ဤ ၄-ပါးသော ကိစ္စတို့ကို ပြီးစေသကဲ့သို့ အထက်မဂ် ၃-ခါ၌လည်း ထိုအတူ ပြီးစေ၏၊ သို့ရာတွင် သောတာပတ္တိမဂ်၌ သမုဒယသစ္စာဟု ဆိုအပ်သော တဏှာလောဘကိုပယ်ခြင်း၌ ထို တဏှာလောဘ၏ အပင်းအသင်းဖြစ်သော သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက်ဗာဝီသ၊ သောတာပတ္တိ

မဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေး ဒိဋ္ဌိဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ပဉ္စဝီသတို့ကိုပယ်သည်။

သကဒါဂါမိ မဂ်ကသည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေး ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဉ္စဝီသတို့ကိုပယ်သည်။

အနာဂါမိ မဂ်ကသည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေး ဒိဋ္ဌိ,ဝိစိကိစ္ဆာကြည်သော စေတသိက်ပဉ္စဝီသတို့ကို ပယ်သည်။

အရဟတ္တမဂ်ကသည် အကြွင်းမရှိသေးသောအားဖြင့် ပယ်အပ် သော ရူပရာဂ,အရူပရာဂနှင့်သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ်တခု၊ ဒိဋ္ဌိ,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြည်သော စေတသိက်ကေဝီသတို့ကိုပယ်သည်-သာထူးသည်။

ဤလို ပယ်လိုက်ကြသော ပစ္စုပ္ပန်, အတိတ်, အနာဂတ်တို့တွင် အဘယ်ပါနည်းဟူမူ အဘယ်ဟာမှမပယ်နိုင်။ အဘယ်ကြောင့်နည်း ဟူမူ ပစ္စုပ္ပန်ကလည်း ထင်ရှားမရှိ၊ အတိတ်ကလည်း ဖြစ်ပြီးပြီ၊ အနာဂတ်ကလည်း ဖြစ်လတံ့သာ ဖြစ်သည်။ စင်စစ်သော်ကား အကြောင်းအာရုံတခုခုနှင့် တွေ့ဆုံကြမည့်အခါ ဖြစ်ကြရမှာ မဖြစ်သော တရားတို့သာတည်း။ ထိုကြောင့်၊

ဒိသွာန တဏှံ အရတိဉ္စ ရာဂံ၊
နာဟောသိဆန္ဒော မေထုနသ္မိံ။
ကိမေဝိဒံမုတ္တကရီသပုဏ္ဏံ၊
ပါဒါပိနံ သမ္ဖုသိတုံ နဣစ္ဆေ။

မာဂဏ္ဍိယ၊ မာဂဏ္ဍိယ၊ တကျော့ဥ၊ တကျော့မည်သော နတ်သမီးကို ၎င်း။ အရတိဥ၊ အရတိမည်သော နတ်သမီးကိုလည်း၊ ရာဂဥ၊ ရာဂမည်သောနတ်သမီးကိုလည်း။ ဒိသွာန၊ မြင်ရ၍။ မေထုနသ္မိံ၊ မေထုန်၌။ ခမေ၊ ငါဘုရားအား။ နာဟောသိ၊ မဖြစ်စဘူး။ မုတ္တကရိသပုဏ္ဏံ၊ ကျင်ကြီး-ကျင်ငယ်တို့ဖြင့် ပြည့်သော။ ဣဒံ၊ ဤသင့်သမီးမာဂဏ္ဍီကို။ ကိမေဝ၊ အဘယ်လိုပုံရမည်နည်း။ နံ၊ ထိုသင့်သမီးမာဂဏ္ဍီကို။ မေ၊ ငါဘုရား၏။ ပါဒါပိ၊ ခြေတို့ဖြင့်လည်း။ သမ္ဖုသိတုံ၊ တည့်ခြင်းငှါ။ နဣစ္ဆေ၊ အလိုမရှိဟု ဟောတော်မူရာဂယ် အဓိပ္ပါယ်ကား မြတ်စွာဘုရားသခင်သည် ဗောဓိမဏ္ဍိုင်၌ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ပယ်ဖြတ်ပြီးဖြစ်သောကြောင့် စစ်ရှုံးသော မာရ်နတ်မင်း၏ သမီး ၃-ယောက်တို့က မြတ်စွာဘုရားသခင် အထံသို့လာ၍ အပျိုလှည့်ကြရာ မြတ်စွာဘုရားသခင်က မောင်းမဲလိုက်နိုင်ပြီးနောက်၊ မာဂဏ္ဍီရဲ့ မိဘဖြစ်သော မာဂဏ္ဍိယတို့က သူတို့၏ သမီးမှာ ဘယ်ယောကျာ်းနှင့်မှမတော် အရှင်နှင့်သာ တော်ပါသည် ဟုလျှောက်တော့ မြတ်စွာဘုရားသခင်က အထက်အဆိုပါ ဂါထာကို မိန့်ဆို၍ ရင့်ရင့်သီးသီး အသားယူလိုက်ခြင်းမှာ အနမတဂ္ဂ သံသရာကြီးထဲ၌ ဒု-သု-ဒွိ-တိ-ပုဂ္ဂိုလ်အဖြစ်တို့၌ အကြောင်းအာရုံ အားလျော်စွာ ဖြစ်ချင်တဲ့အခါမှာ ဖြစ်ချင်တိုင်း ဖြစ်နိုင်သလို အကြောင်းအာရုံနှင့် တွေ့ကြုံရသော်လည်း မဖြစ်နိုင်တော့ပြီ။ ဤလို မဖြစ်နိုင်တော့သည်ကိုပင် မဂ်က ကာလဝိမုတ်ဖြစ်သော ကိလေသာကို ပယ်ဖြတ်သည်ဟု ဆိုရသည်ဖြစ်ရကား၊ မြတ်စွာဘုရားသခင်သည် သိဒ္ဓတ္ထကုမာရမင်းသား ဖြစ်စဉ်အခါက ယသောဓရာ အမှူးရှိသော ရွှေအဆင်းနှင့်တူသော မင်းသမီးပေါင်း ၄-သောင်းတို့ကို ထိန်းသိမ်းနိုင်ခဲ့သော်လည်း ယခုဘုရားဖြစ်သောအခါ၌ မာဂဏ္ဍီကို မထိန်းနိုင်တော့ပြီ။

## နိရောဓသမာပတ်

ထိုပြင် အနာဂါမ်ရဟန္တာဖြစ်သောအခါ အကြိမ်ပေါင်းများစွာ ဖလသမာပတ်ကို ဝင်စား၍ နိစ္စ, သုခ, အနတ္တာဖြစ်သော မိမိ၏ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ကို အာရုံပြု၍ နေရသော်လည်း မိမိတို့ဥဖြစ်ရသော ကြွင်းကျန်သေးသော ရုပ်,နာမ်,ခန္ဓာတို့က အနိစ္စ, ဒုက္ခ,အနတ္တချည်းသာ ဖြစ်ဖြစ်နေရသည်။ ထိုသို့ ဖြစ်-ဖြစ်နေရခြင်းသည်ပင်လျှင် ခွေးသေကောင်ပုပ်ကြီးထဲဝင်၍ နေရသလို အလွန်ငြီးငွေ့လှလွန်း၍ ဒိဋ္ဌမေ့သုခ (ဝါ)ယခုဘဝ၌ဖြစ်သော နိစ္စ, သုခ, နိဗ္ဗာန်ချမ်းသာ ဖြစ်လို-ခံစားလိုသည်ဖြစ်ရကား။

နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ
ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ၊ ဝုဋ္ဌာနကာလေစ
အနာဂါမိဖလံဝါ အရဟတ္တဖလံဝါ ယထာရဟံ မေက
ဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတောဝ ဟောတိ။

(အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ)

နိရောဓသမာပတ္တိကာလေ၊ နိရောဓသမာပတ်ကို ဝင်စားသည်မှ ရှေ့အဘို့ကာလ၌။ ဒွိက္ခတ္တုံ၊ ၂-ကြိမ်။ စတုတ္ထာရုပ္ပဇဝနံ၊ စတုတ္ထအရူပ နေဝသညာ နာသညာ ယတန ကုသိုလ်ကြိယာဇောသည်။ ဇဝတိ၊ဇော၏။ တတော၊ ထိုနေဝသညာနာသညာယတနကုသိုလ်ကြိယာဇော ၂-ကြိမ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ နိရောဓံ၊ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့။ ဖုသတိ၊ ရောက်၏။ ဝုဋ္ဌာနကာလေစ၊ နိရောဓ သမာပတ်မှထသော ကာလ၌လည်း။ အနာဂါမိဖလံဝါ၊ အနာဂါမိဖိုလ်သည်လည်းကောင်း။အရဟတ္တဖလံဝါ၊အရဟတ္တဖိုလ်သည်လည်းကောင်း။ ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ ဧကဝါရံ၊ တကြိမ်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓေ၊

ချုပ်သည်ရှိသော်။ ဘဝဂ်ဂါတော၀၊ ဘဝင်ကျသည်သာလျှင်။ ဟောတိ၊ဖြစ်၏ဟုမိန့်ဆိုသည်နှင့်အညီ နိရောဓသမာပတ်ကို ဝင်စားတော်မူရသည်။ (အဓိပ္ပါယ်မှာ ပါဠိအနက်ရှိသည့်အတိုင်းပါဘဲ။) ထိုသို့ နိရောဓသမာပတ်ကို ဝင်စားတော်မူသောအခါ၌။

ယဒိအရူပေ နိရောဓံ သမာပဇ္ဇေယ၊ စိတ္တာ, စေတသိ
ကာနံ အညဿစ ကဿစိ အဘာဝတော အပညတ္တိကော
ဘဝေယျ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိ
နိဗ္ဗုတ သဒိသော။ (ဝိသုဒ္ဓိမဂ်ဋီကာ)

အရူပေ၊ အရူပဘုံ၌။ နိရောဓံ၊ နိရောဓသမာပတ်ကို။ ယဒိ သမာပဇ္ဇေယ၊ အကယ်၍ ဝင်စားငြားအံ့။ စိတ္တ,စေတသိကာနဉ္စ၊ စိတ်,စေတသိက်တို့ရင်း။ အညဿ၊ တပါးသော။ ကဿစိ၊ တခုသော ရုပ်,နာမ်,ခန္ဓာ၏ရင်း။ အဘာဝတော၊ မရှိခြင်းကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသော၊ ပရိနိဗ္ဗာန်စံ၍နေသည်နှင့် တူသည်ဖြစ်၍။ အပညတ္တိကော၊ ဘယ်လိုဘယ်ပုံ ဘယ်သို့သောအခြင်းအရာဟု ပညတ်နိုင်ဘို့ရာမရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏ဟု မိန့်ဆိုသော ဋီကာကိုထောက်၍ ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်တို့၌ ဖြစ်သင့်သည်အားလျော်စွာ ရုပ်,နာမ် ၂-ပါးစုံ ရှိသော်လည်း အသညသတ်ပုဂ္ဂိုလ်၌ ရုပ်မျှသာရှိ၍ နာမ်လုံးလုံး မရှိ၊ အရူပပုဂ္ဂိုလ်၌ကား နာမ်မျှသာရှိ၍ ရုပ်လုံးလုံးမရှိသည့်ပြင် အရူပနိရောဓသမာပတ်ပုဂ္ဂိုလ်၌ နိရောဓသမာပတ်ကို ဝင်စားနေသည့်အခါမှာ ရုပ်,နာမ် ၂-ပါးစုံ လုံးလုံးမရှိတော့ဘဲ ချုပ်ဆုံးသွားငြားသော်လည်း၊ ထိုချုပ်ဆုံးခြင်း နိရောဓက မိမိသန္တာန်၌ နောင်တဖန်ဖြစ်ခြင်းသဘောရှိသောချုပ်ဆုံးခြင်း**ဇာ တနိ ရောဓ**။ မိမိသန္တာန်၌ နောင်တဖန် မဖြစ်ခြင်းသဘောရှိသော ချုပ်ဆုံးခြ

**အဇာတနိရောဓ**အားဖြင့် ၂-မျိုးရှိရာ၊ အရူပနိရောဓသမာပတ်ကို ဝင်စား၍ နေသည့်အခါ၌ ရုပ်,နာမ်, ၂-ပါးစုံ လုံးလုံးမရှိဘဲ ချုပ်ဆုံးခြင်း နိရောဓကား မိမိသန္တာန်၌ နောင်တဖန် မဖြစ်ခြင်း သဘောရှိသော ချုပ်ဆုံးခြင်း အဇာတနိရောဓ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်နှင့်တူသော မိမိသန္တာန်၌ နောင်တဖန် ဖြစ်ခြင်း သဘောရှိသော ချုပ်ဆုံးခြင်း ဇာတနိရောဓသော ဖြစ်သည့်အတိုင်း ထိုဇာတနိရောဓဟု ဆိုအပ်သော နိရောဓသမာပတ် ဝင်စား၍နေသောကာလမျှ,အရူပပုဂ္ဂိုလ်ဟူသမျှမှာ ဇာတနိရောဓသဘောသာ ရှိသည်။ ထိုအတူ အဇာတနိရောဓဟုဆိုအပ်သော အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်မှာလည်း အဇာတနိရောဓ သဘောရှိသည်။ ထိုကြောင့် ဥဒါန်းပါဠိတော်မှာ ဤသို့ ဟောတော်မူ၏။

> အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ နော စေတံ ဘိက္ခဝေ အဘဝိဿ၊ အဇာတံ အဘူတံ အကတံ အသင်္ခတံ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။

ဘိက္ခဝေ၊ တို့။ အဇာတံ၊ မဖြစ်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ မပြုပြင်ရခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ တို့။ တံအဇာတံ၊ သည်လည်း။ တံအဘူတံ၊ သည်လည်း။ တံအကတံ၊ သည်လည်း။ တံအသင်္ခတံ၊ သည်လည်း။ နောစေအဘဝိဿ၊ အကယ်၍မရှိခဲ့ငြားအံ့။ ဧဝံသတိ၊ ဤသို့မရှိသည်ရှိသော်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ ဖြစ်ခြင်း၏။

ဘူတဿ၊ ဖြစ်ပေါ်ခြင်း၏။ ကတဿ၊ ပြုခြင်း၏။ သင်္ခတဿ၊ ပြုပြင်ခြင်း၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းမည်သည်။ နပညာယေထ၊ မထင်လေရာ။ ဘိက္ခဝေ၊ တို့။ ယသ္မာစခေါ၊ အကြင်ကြောင့်လျှင်။ အဇာတံ၊ သည်လည်း။ အတ္ထိ၊ ၏။ အဘူတံ၊ သည်လည်း။ အတ္ထိ၊ ၏။ အကတံ၊ သည်လည်း။ အတ္ထိ၊ ၏။ အသင်္ခတံ၊ သည်လည်း။ အတ္ထိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ ဇာတဿ၊ ၏။ ဘူတဿ၊ ၏။ ကတဿ၊ ၏။ သင်္ခတဿ၊ ၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းသည်။ ပညာယတိ၊ ထင်၏။

## နိဂမနဒီပံ

၁။ ဝိသုဒ္ဓမဂ္ဂ နာမေန၊ ထေရေန ကရိတော အယံ။
ဣမိနာစည ပုညေန၊ ဒိဋ္ဌေယျုံ အမတံ ပဒံ။
၂။ နဒိဋ္ဌံ ယာဝ အမတံ၊ ဘာဝ ဘဝါမိ ပုညဝါ။
ယသဝါ သိရိသမ္ပန္နော၊ အာရောဂေါ မိတ္တသန္ဓဝေါ။
၃။ အာယုဝါ သရဝါ ဝဏ္ဏော၊ လောကဓမ္မ သမာပန္နော။
ပညောဒိဋ္ဌိဇု ဒက္ခော စ၊ တိက္ခပညာဒိ သမ္ပန္နော။

ဋ္ဌတိသြောင်တုံးနဂရေ မဟာဇောတိကာရာမေ ဒိမ်မဲကျောင်းတိဝိဿုတေ ဝိဟာရေ ဝသန္တေန ဝိသုဒ္ဓမဂ္ဂနာမကေန သဒ္ဓိကာ သင်္ခေပ ရူပသိဒ္ဓိပါဠိ အနုပ္ပါဒနိရောဓဒီပနီ အတ္ထနိတိဂန္ထာဒီနံ အနေကဂန္ထာနံ ကာရကေန လဋ္ဌိပေသလ သိက္ခာကာမာဒိ ဂုဏသမ္ပန္နေန သတ္တပညာသဝဿေန သတ္တသတ္တတိ အာယုနာ မဟာထေရေန။

# ယံဝုဍ္ဎံ

"ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။ နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယောတိ" တံနိဗ္ဗာနံ မဂ္ဂဖလ ဉာဏေန သီဃံ သစ္ဆိကရဏတ္ထာယ ကရိတော **အယံ** အဘိ ဓမ္မာ့မျက်ဆန်ကျယ်တိ ဝေါဟာရိတော ဝိပဿနာရှုနည်း ဿရည်းဂဏ္ဌော ပရိနိဋ္ဌိတော။

ထုတ်ဝေသူ-ဦးတင်အောင် (မှတ်ပုံတင်အမှတ်"မြဲ"-၀၂၅၇)
တင်အောင်-စာပေဖြန့်ချီရေး၊
အမှတ်-၆၊ တကောင်းလမ်း၊ ကြည့်မြင်တိုင်။

ပုံနှိပ်သူ-ဦးကြီးမောင် (မှတ်ပုံတင်အမှတ်"မြဲ"-၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း၊
အမှတ်-၉၀၊ ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်။



2 R ADD